မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောမြို့နယ် ကျေးရွာစာကြည့်တိုက် ပန္နက်တင်

ဂန့်ဂေါ နိုဝင်ဘာ ၂၈

ဂန့်ဂေါခရိုင် ဆောမြို့နယ် လယ်ရင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်ပွဲကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ဆောမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်တို့က စာကြည့်တိုက်အဆောက်အအုံကို ပန္နက်တင်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဘီလူးမတောင်ဝှေးပင်

အဖောအရောင်နှင့် မီးလောင်ဒဏ်ရာ သက်သာစေသော ဘီလူးမတောင်ဝှေးပင်ကို ဤသို့ စိုက်ပျိုးထားသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကြီး

နေပြည်တော် နိုဝင်ဘာ ၂၈

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့ ရေမြေသဘာဝ ယဉ်ကျေးမှုအလိုက် တိုင်းရင်းဆေးပညာရပ်များ တည်ရှိနေကြရာ မြန်မာတို့၏ တိုင်းရင်းဆေးပညာရပ်သည်လည်း ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိဖြစ်ထွန်းခဲ့ပြီး ယနေ့တိုင်အောင် ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာရပ်အနေဖြင့် အသုံးပြုနေကြဆဲဖြစ်သည်။

ထိထိရောက်ရောက်

နိုင်ငံတော်က မြန်မာနိုင်ငံတွင် ဖြစ်ပွားတတ်သော ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်စသည့်ရောဂါကြီးခြောက်မျိုးနှင့် အခြားရောဂါများကို တိုင်းရင်းဆေးဖြင့် ထိထိရောက်ရောက် ကုသပေးနိုင်ရန် အားပေးလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

သတင်းခရီးသည် - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကယားပြည်နယ်၏ ကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်

နေပြည်တော် နိုဝင်ဘာ ၂၈

အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် တစ်ပြေးညီ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ တိုးတက်မြင့်မားလာစေရန်၊ နည်းပညာပြောင်းလဲမှုများနှင့် ယှဉ်တွဲပြီး အသိပညာများ တိုးတက်လာစေရန်အတွက် နိုင်ငံတော်က ပညာရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၃ ✱

သတင်းမှတ်စု-တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၉ရက်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး မှန်ကန်သည့်အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် လက်တွဲပါဝင်ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၉)ကို နိုဝင်ဘာလ ၂၇ ရက်နေ့က နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်ကြီး၌ကျင်းပခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ သြဝါဒစကား မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော်ခဲ့သည်မှာ (၁၆)နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံး ဆက်စပ်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ရသော လုပ်ငန်းစဉ်ကြီးဖြစ်ပြီး တစ်မျိုးသားလုံးနှင့်သက်ဆိုင်၍ နိုင်ငံသားအားလုံးက မှန်ကန်သည့်အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ကြီးလည်း ဖြစ်သည်။

မျိုးဆက်တစ်ခုက မျိုးဆက်သစ်တစ်ခုကို လွှဲပြောင်းလက်ဆင့်ကမ်းရာတွင် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ တည်ဆောက်ပေးရန်လိုအပ်သကဲ့သို့ ဆက်ခံကြသူများကလည်း ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ ရရှိပြီးဖြစ်သော အခြေခံကောင်းများအပေါ်အခြေခံပြီး ပိုမိုတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အနာဂတ်နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်ရာမှာ အဓိကလိုအပ်ချက်တစ်ခုသည် တည်ငြိမ်အေးချမ်းရေးပင် ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ မှန်ကန်သည့်မူဝါဒနှင့် လက်တွေ့ကျသည့် လမ်းစဉ်၊ စေတနာပါသည့် အကောင်အထည်ဖော်မှုများကြောင့်ပင်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားသည့် စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် မဖြစ်မနေကြိုးပမ်းဆောင်ရွက်မှု၊ တွေ့ကြုံသည့် အတားအဆီး၊ အခက်အခဲကို စွန့်လွှတ်စွန့်စားရဲသည့် သတ္တိ၊ မှန်ကန်သည့်နည်းလမ်းများနှင့် ကျော်လွှားနိုင်မှုများကြောင့် ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးသည် ပြည်သူများအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် မဖြစ်မနေ ခံယူကျင့်သုံးကြရမည့် မူဝါဒများဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းစွာနှင့် အခွန့်ရှည်စွာတည်တံ့ရေးနှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိရေးအတွက် မွန်မြတ်ဖြူစင်သည့်စေတနာနှင့် ကိုယ်တိုင်ဆန္ဒပြုဖွဲ့စည်းခဲ့သည့် အသင်းကြီးဖြစ်ပြီး ပြည်သူများ၏အကျိုး ထိပါးနှောင့်ယှက်မှုမှန်သမျှကို မပြတ်သောသတိ၊ စွန့်လွှတ်စွန့်စားသောသတ္တိ၊ ကျစ်လျစ်ခိုင်မာသော အင်အားစွမ်းပကားတို့ဖြင့် ဖယ်ရှားကျော်လွှားကာ အောင်မြင်မှုပန်းတိုင်ဆီသို့ အရောက်လျှောက်လှမ်းသွားကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်စိုးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ နိုဝင်ဘာ ၉ရက်က ဖျာပုံမြို့မြောက်ပိုင်း ဈေးကြီးအတွင်းအပြင် ပျံကျဈေးများတွင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အမှိုက်များနှင့် နုန်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်မောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၀၉
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးတရားတော်** (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆:၄၀ အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား(ဇလွန်မြို့)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၁)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ Activities in the City (Kembangan Liver and Oncology Centre မှကျင်းပသော ကင်ဆာအကြောင်း သိကောင်းစရာ)
- ၉:၀၅ မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း တပင်တိုင်မြနန်း
- ၉:၄၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၃၅ သူတို့ငါးယောက်ရှိရာသရေခေတ္တရာ
- ၁၀:၅၅ Milestones of Contemporary Music Selection
- ၁၁:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **မစဉ်းစားနဲ့ချစ်လိုက်**
- ၁၁:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၀)
- ၁၂:၁၅ ဗီဒီယိုပြခန်း
- ၁၂:၃၅ Activities in the City (Kembangan Liver and Oncology Centre မှကျင်းပသော ကင်ဆာအကြောင်း သိကောင်းစရာ)
- ၁:၀၀ **ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးတရားတော်**(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ယောက်ျားလေးဖြစ်တာကောင်းတယ်၊ မိန်းကလေးဖြစ်တာကောင်းတယ်)
- ၃:၄၀ မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း တပင်တိုင်မြနန်း
- ၄:၀၀ ရန်ကုန်မြင်ကွင်းကျယ်(အဏ္ဏဝါသိပ္ပံမြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ)
- ၄:၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **မစဉ်းစားနဲ့ချစ်လိုက်**
- ၅:၀၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၅:၂၀ ဗီဒီယိုပြခန်း
- ၅:၃၅ Sports World (Sunday Special)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Milestones of Contemporary Music Selection
- ၆:၄၅ ဘဝများ (ဆုပန်ထွာ)
- ၇:၀၅ ဈေးဝယ်လမ်းညွှန် (Dear Face)
- ၇:၃၅ FMF (Selection)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ယောက်ျားလေးဖြစ်တာ ကောင်းတယ်၊ မိန်းကလေးဖြစ်တာ ကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၁)
- ၁၀:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၀)
- ၁၀:၂၅ Barclays Premier League **(Arsenal Vs Chelsea)**
- ၁၂:၂၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၁၂:၄၅ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
- ၁၂:၅၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၂၅	Wolverhampton - Birmingham	Star Sports(Live)
၇:၅၅	Everton-Liverpool	ESPN(Live)
၁၀:၂၅	Arsenal-Chelsea	Sports(Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Kettering Town-Leeds United	Star Sports(Live)

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
၃၀-၁၁-၂၀၀၉

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀:၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ လယ်ယာစီးပွား (ထွန်ရေးမဲ့ ပဲပုပ်စိုက်ပျိုးနည်း) တေးသီချင်း
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (လှပတဲ့ဆံနွယ်လေးတွေဖြစ်စေဖို့)
- ၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ အဏ္ဏဝါသိပ္ပံလေ့လာရေး
- ၁၁:၄၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ(၁၆)
- ၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (မြဝတီဘဏ်)
- ၁၂:၂၀ တေးပဒေသာ
- ၁၂:၃၀ အားကစားသတင်းပဒေသာ
- ၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း-သိပ္ပံ) တေးပဒေသာ
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (အိမ်ရှင်မများ ပခုံးကြွက်သားများသန်မာစေရန်)
- ၁၇:၁၀ ဇာနည်စစ်သည် တေးပန်းချီ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ညနေခင်းတေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
- ၁၉:၂၅ ပြဇာတ်ပဒေသာ (လည်လွန်းလို့+ရင်သိမ့်တုန်)
- ၁၉:၄၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း လပတ်မိုးလေဝသခန့်မှန်းချက်
- ၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မင်္ဂလာဦးသူတို့အတွက်) စီးပွားရေးဦးတည်ချက်
- ၂၀:၃၀ တေးပဒေသာ
- ၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ

မြဝတီရုပ်မြင်သံကြား

၂၉-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၂)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မပြယ်သောသစ္စာ**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

အချစ်ရဲ့ဆွဲအား(အပိုင်း-၄၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ (ထီး) နေဆန်း၊ ပြေဇင်၊ လုံ့ရည်ဖြိုး၊ မိုးသီတာမိုး၊(ဒါရိုက်တာ-အာယု)
- ၆:၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့**(အပိုင်း-၂၄)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု တစ်မျိုးသားလုံးအတွက် ကျန်းမာရေးဆောင်ရွက်ချက်
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၉)

ပန်းတနော်၌ စာကြည့်တိုက်များရှင်သန်ခိုင်မာရေးနှင့် စာအုပ်စာစောင်များ တိုးပွားရေးဆောင်ရွက်

ပန်းတနော် နိုဝင်ဘာ ၂၈

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်သည် နိုဝင်ဘာ ၁၅ ရက်က ဓာတ်ပုံကျွမ်းကျင်-၂ ဦးအောင်ခိုင်လိုက်ပါလျက် ပန်းတနော်မြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရန် ကွင်းဆင်းဆောင်ရွက်ရေး၊ မြို့နယ်ရုံးစာကြည့်တိုက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များတိုးပွားရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး **(အောက်ပုံ)** ခရိုင်ဦးစီးအရာရှိက နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စားသောက်ကုန်များ ဆိုးဆေးပါဝင်မှုရှိ မရှိ မြင်းမူမြို့မဈေး၌စစ်ဆေး

မြင်းမူ နိုဝင်ဘာ ၂၈

မြင်းမူမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း ဦးဆောင်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ နိုဝင်ဘာ၂၁ရက်က မြင်းမူမြို့မဈေးအတွင်း ဆိုးဆေးများနှင့် ဓာတုဆေးဝါးများ သုံးစွဲထားသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ (၀၃၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အင်ဂျင်နီယာမှူးကြီးများက မိမိတို့ပြည်နယ်နှင့် တိုင်းအတွင်းရှိ လမ်း တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းလုပ်ငန်း လေးခုတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ ရှစ်ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့တို့မှ တာဝန်ခံ အင်ဂျင်နီယာများက မိမိတို့ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ လေယာဉ်ကွင်းနှင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေက လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဦးစားပေးဆောင်ရွက်

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်၊ ပစ္စည်း အလေအလွင့် နည်းပါးရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ရွှေဘိုမြို့၌ စာအုပ်လှူဒါန်းပွဲကျင်းပ

ရွှေဘို နိုဝင်ဘာ ၂၈

စာရေးဆရာ ရွှေဘိုမင်းသုခအား အမှူးထား၍ ဦးအောင်မြင့်ဦး-ဒေါ်ယဉ်နု သားသမီးမြေးတစ်စု (သိန်းသန်းဦး ပုံနှိပ်တိုက်)၊ ဦးညွန့်ဦး-ဒေါ်ခင်ဝင်း သားသမီးမြေးတစ်စု(စန္ဒာညွန့်စာပေတိုက်) ရန်ကုန်မြို့နှင့် ဦးမဲ- ဒေါ်ဝင်းစိန် သားသမီးမြေးတစ်စု၊ ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ (တောင်)တို့မှ ရွှေဘိုမြို့ပေါ်ရှိ အထက ကျောင်း သုံးကျောင်းသို့ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက အထက(၂) ရွှေရတုခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ ရွှေဘိုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စန်းဝင်း၊ ခရိုင် ဥက္ကဋ္ဌ ဦးအုံးချို၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ဆက်လက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အဖွင့်အမှာစကားပြောကြားသည်။

လှူဒါန်း

ထို့နောက် စာအုပ်များကို သက်ဆိုင်ရာသို့ လှူဒါန်းသည်။ ဆက်လက်ပြီး အထက (၃) ကျောင်းအုပ်ကြီး ဦးကျော်သောင်းက ကျေးဇူးတင်စကား ပြောကြားသည်။ လှူဒါန်းမှု စုစုပေါင်း ကျသင့် တန်ဖိုးမှာ ငွေကျပ် ၂၅၄၇၅၀၀ ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ကတ္တရာလမ်း ခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် နိုဝင်ဘာ ၁၇ရက်တွင် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော စံချိန်မီရပ်ကွက် ကျောက်ကုန်းလမ်း၌ အရှည် ၆၈၆ပေ အကျယ် ၁၂ပေနှင့် အောင်မင်္ဂလာ ၆လမ်း၌ အရှည် ပေ၄၀၀ အကျယ် ၁၂ပေ တို့အား ကတ္တရာ ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

စာဆိုတော်နေ့ အထိမ်းအမှတ် ကျောက်မဲတွင် ဟောပြော

ကျောက်မဲ နိုဝင်ဘာ ၂၈

စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ နိုဝင်ဘာ ၁၇ရက် ညနေ ၆နာရီက ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးစိုင်းစန်းလွင်က အမှာစကားပြောကြားပြီး စာဆိုတော်နေ့ သဝဏ်လွှာကို ဦးကျော်လွင် (မင်းသံလွင်-ရွှေဖီမြေ)က ဖတ်ကြားသွားပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် (သတင်းထောက် စိုင်းမောင်မောင်)က ကျေးဇူးတင်စကားပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ခရိုင်အတွင်းရေးမှူး ဦးစိုင်းစန်းလွင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်နှင့် တာဝန်ရှိသူများက အထက်တန်း ၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဒေသခံစာရေးဆရာများဖြစ်ကြသော မောင်သင်းထုံ (ကျောက်မဲ)၊ စောထွေးကိုကို (လားရှိုး)နှင့် မုံရွာ ကျောက်ခဲတို့က စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

ပင်လယ်မြို့ဟောင်း (ဒုတိယအကြိမ်) တူးဖော်မှုလုပ်ငန်းမှ ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု ဟူသည့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(မြောက်ပိုင်း)မှ ဦးမျိုးညွန့် ခေါင်းဆောင်လျက် ဦးစီးဌာနနှင့်သမိုင်းသုတေသနဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ခြောက်ဦးပါဝင်သော သုတေသနလုပ်ငန်းအဖွဲ့သည် စက်တင်ဘာ ၁၉ရက်မှ အောက်တိုဘာ ၂၄ရက်အထိ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း (ဒုတိယအကြိမ်) တူးဖော် သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကုန်းအမှတ် (၁၆)မှ တွေ့ရှိရသော မြေအရိုးအိုး။

တူးဖော်သုတေသနပြု

တူးဖော်သုတေသနလုပ်ငန်း ဆောင်ရွက်ရန် ရွေးချယ်ခဲ့သောနေရာသည် ၂၀၀၈ခုနှစ်တွင် တူးဖော်မှတ်တမ်းတင်ထားခဲ့သော ရှေးဟောင်းကုန်းပေါင်း ၃၀အနက် ပင်လယ်မြို့ဟောင်းကြီး၏ အရှေ့မြို့ရိုး အပြင်ဘက် ကိုက် ၂၀၀ခန့် အကွာတွင်ရှိသည့် ကုန်းအမှတ် (၁၆) နှင့် (၁၇)တို့ကို သတ်မှတ်တူးဖော် သုတေသနပြု လေ့လာခဲ့ကြသည်။

ကုန်းအမှတ် (၁၆)မှ ထွက်ပေါ်လာသော အဆောက်အအုံ ပန္နက်ပုံစံသည် ပျူမြို့ဟောင်းများတွင် တူးဖော် တွေ့ရှိရလေ့ရှိသော စတုရန်းပုံ ပန္နက်အတွင်း အလယ်ဗဟို၌ စက်ဝိုင်းပုံပန္နက်ပါရှိသည့် အစောပိုင်း စေတီပုံအဆောက်အအုံ ပန္နက်ပုံစံဖြစ်သည်။ အဆောက်အအုံ၏ အတိုင်းအတာမှာ အောက်ခြေ ပေ ၃၀× ပေ၃၀ ပတ်လည်၊ အလယ်ဗဟိုတွင် စက်ဝိုင်းပုံ ပန္နက်၏ အချင်း၁၆ပေ၊ တောင်ဘက်နှင့်မြောက်ဘက်တွင် လှေကားခုံအကျယ် လေးပေကိုးလက်မ၊ အရှည် ၁၄ပေရှိ လှေကားနှစ်ခုတို့ ပါရှိသည်။ ပင်လယ်မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ် (၇၊၈၊ ၁၄၊၁၅)တို့နှင့် ပန္နက်ပုံချင်း တူညီသဖြင့် ကိုးကွယ်မှုဆိုင်ရာ ဗုဒ္ဓဘာသာ အဆောက်အအုံဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။

လေ့လာတွေ့ရှိ

အဆိုပါအဆောက်အအုံတွင် အလျား ၁၈လက်မ၊ အနံ ကိုးလက်မ၊ ထု သုံးလက်မ အရွယ်အစားရှိ အုတ်ချပ်များကို အသုံးပြုထားသည်။အဆောက်အအုံ၏တည်ဆောက်မှု ပုံသဏ္ဌာန်မှာ ရိုးရှင်းသည်။ အခြားပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းတို့၏ တည်ဆောက်မှု ပုံသဏ္ဌာန်ချင်း တူညီသည်။ အဆောက်အအုံ ဆောက်လုပ်မည့်မြေပေါ်တွင် ပန္နက်ချပြီး

ကုန်းအမှတ်(၁၇)မှ တွေ့ရှိရသည့် ပျူငွေဒင်္ဂါးပြား။



ကုန်းအမှတ်(၁၇)မှ တွေ့ရှိရသည့် ပျူပုတီးစေ့များ။

အုတ်ရိုးထုထည် ကြီးမားခိုင်ခံ့မှုကို အသားပေးထားသဖြင့် မြေတင်ပန္နက်ဖြင့်သာ တည်ဆောက်သည့်စနစ်ကို သုံးစွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အဆိုပါအဆောက်အအုံမှ ကြေမွပျက်စီးနေသော အရိုးအိုး သုံးလုံးနှင့် သံမယ်နတစ်ချောင်း တွေ့ရှိရသည်။

တွေ့ရှိရ

ကုန်းအမှတ်(၁၇)၏ အဆောက်အအုံ ပန္နက်ပုံသဏ္ဌာန်မှာ စတုရန်းပုံပန္နက်ဖြစ်သည်။ ပန္နက်အုတ်ရိုး အတိုင်းအတာမှာ အုတ်ရိုး၊ အုတ်လှာထု နှစ်ပေ ရှစ်လက်မ၊ တောင်မြောက်ပေ၃၀၊ သုံးလက်မ၊ အရှေ့အနောက် ၃၂ပေ ရှစ်လက်မ ဖြစ်သည်။ အဆောက်အအုံသည် အရှေ့အနောက်ကို ဦးစားပေးဆောက်လုပ်ထားသည့်ပုံသဏ္ဌာန်ဖြစ်ပြီး အနောက်ဘက်တွင် ငါးပေ သုံးလက်မကျယ်သည့် လှေကားထစ် နှစ်ဆင့်ပါဝင်ပေါက်တစ်ခု ပါရှိသည်။ အုတ်တိုက်တစ်ခု ပုံသဏ္ဌာန်ဖြစ်ပြီး အရှေ့အနောက် တောင်မြောက်တန်းနေသည်ကို ထူးခြားစွာ လေ့လာတွေ့ရှိရသည်။ ပင်လယ်မြို့ဟောင်းကို ၁၉၇၉ခုနှစ်မှ စတင်သုတေသနပြုခဲ့ရာ ကုန်းအမှတ် (၁၇)ကဲ့သို့ ပုံသဏ္ဌာန်မျိုး တွေ့ရှိခဲ့ခြင်း မရှိသေးပါ။ ထိုအဆောက်အအုံမှ အရိုးအိုးငါးလုံး၊ ပျူခေတ်သုံး ငွေဒင်္ဂါး ၁၀ပြားနှင့် ပျူခေတ်ပုတီးစေ့ (၁၇) လုံး တူးဖော်တွေ့ရှိရသည်။ အဆောက်အအုံသည်မြေမာပေါ်တွင် အုတ်ရိုးပန္နက်ချပြီး စတုရန်း ပုံစံအုတ်ရိုးဖြင့် အထက်သို့ အုတ်များကို အတိုးအဆုတ်စီ၍ ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အဆောက်အအုံတစ်ခု ဖြစ်ပြီး အခန်းဖွဲ့စည်းမှုမရှိဘဲ ခန်းမပုံစံဖြစ်သည်။ အဆိုပါ အဆောက်အအုံသည် ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံတစ်ခု ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။

ကုန်းအမှတ်(၁၇)မှ တွေ့ရှိရသည့် မြေအရိုးအိုး။

သုံးသပ်နိုင်

တွေ့ရှိချက်အပေါ် လေ့လာသုံးသပ်ချက်အရ တူးဖော်မှုကုန်းအမှတ်(၁၆)နှင့် (၁၇)အဆောက်အအုံ နှစ်ခုလုံးရှိ မူလဖို့မြေလွှာအတွင်း အရိုးအိုးမြှုပ်နှံမှုဓလေ့ တွေ့ရှိပုံမှာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်းများရှိ ဘာသာရေးအဆောက်အအုံများမှ တွေ့ရှိရသည့် အရိုးအိုးမြှုပ်နှံမှု ဓလေ့နှင့် တူညီနေသောကြောင့် ပျူယဉ်ကျေးမှု၏ ဘာသာရေး အဆောက်အအုံ ဖြစ်နိုင်ကြောင်း သုံးသပ်နိုင်သည်။

တူးဖော် သုတေသနလုပ်ငန်းအဖွဲ့သည် တူးဖော် သုတေသနပြုရာတွင် အဆောက်အအုံကြီး၏ တည်ဆောက်မှု၊ အသုံးပြုခဲ့မှု၊ ပျက်စီးယိုယွင်းမှုစသည်တို့အား သိရှိနိုင်ရန်အတွက် မြေလွှာဖွဲ့စည်းမှုပုံစံတို့ကို မှတ်တမ်းတင် လေ့လာခဲ့သည်။ ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ဆက်လက်၍ မြန်မာနိုင်ငံ၏ ရှေးအတိတ်ကာလက ဘိုးဘွားတို့ ထားရှိ ကြွင်းကျန်ရစ်ခဲ့သော ယဉ်ကျေးမှုသမိုင်း အထောက်အထားများကို ရှာဖွေဖော်ထုတ် သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါင်မြို့နယ်တွင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

ပေါင် နိုဝင်ဘာ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

စာကြည့်တိုက် အဆောက်အအုံကို အလုပ်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံသိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြို့သာယာလှပရေး ထီးချိုင့်၌ ဆောင်ရွက်

ထီးချိုင့် နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့အဝင် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် မြေယာရှုခင်း အလှဆောင်ရွက်ရန် ပြင်ဆင်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်အောင်တို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော ပျော်ပျော်ရွှင်ရွှင်သိုးလေးနှင့် ရုပ်ဆိုးဝံပုလွေလေး ကာတွန်းရုပ်ရှင်မိတ်ဆက်ပွဲ၌ ဇာတ်ကောင် ကာတွန်းရုပ်များကို နိုဝင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ရုရှားသမ္မတမက်ဗီဒက်

တရုတ်ပြည် စစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဆွေးနွေး

မော်စကို နိုဝင်ဘာ ၂၈

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်သည် နှစ်နိုင်ငံစစ်ရေး ပူးပေါင်းဆောင်ရွက်မှု ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရန်အတွက် တရုတ်ပြည် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ကျူ့ဘောင်ဆင်းနှင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၂၇ရက်က တွေ့ဆုံကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာရေးရာများတွင် အပြန်အလှန်ထောက်ခံရန် ဒေသတွင်း အပါအဝင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို လက်တွဲဖော်ဆောင်ကြမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးကြသည်ဟု ကျူ့က ပြောကြားသည်။

(အင်တာနက်)

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ ဒုံးကျည်ဖြင့်ပစ်ခတ် ပါလက်စတိုင်းလေးဦး ဒဏ်ရာရရှိ

ဂျေရုဆလင် နိုဝင်ဘာ ၂၈

ဂါဇာကမ်းမြောင်ရှိ ဂျာဘာလီမာဒုက္ခသည်စခန်းကို အစ္စရေးလေတပ်က ဒုံးကျည်ဖြင့် နိုဝင်ဘာ ၂၇ရက် အစောပိုင်းက ပစ်ခတ်သည့်အတွက် ပါလက်စတိုင်း အရပ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးလေတပ်၏ တိုက်ခိုက်မှုကြောင့် အရပ်သားလေးဦးဒဏ်ရာရရှိသည့်အထဲတွင် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

ကျူးဘား၌ စစ်ရေးလေ့ကျင့်မှု သုံးရက်ကြာပြုလုပ်

ဟာဗားနား နိုဝင်ဘာ ၂၈

ကျူးဘားနိုင်ငံ၏ ငါးနှစ်တာကာလအတွင်း အကြီးမားဆုံးသော စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၂၆ရက်က စတင်ပြုလုပ်ကြောင်း ကျူးဘားမီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ကျူးဘားတပ်ဖွဲ့ဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ စစ်ရေးတိုက်ခိုက်မှုနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်လေ့ကျင့်မှုများ သုံးရက်ကြာ ပြုလုပ်ကြောင်း ဂရမ်မာသတင်းစာက ဖော်ပြသည်။

ပြောကြား

ထို့ပြင် လက်ရှိနိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာအခြေအနေ လိုအပ်ချက်များနှင့်ကျူးဘားနှင့် အမေရိကန်နှစ်နိုင်ငံ ထိပ်တိုက်ရင်ဆိုင်ရေး ကဏ္ဍများကိုလည်း ကျူးဘားစစ်ဘက်ဆိုင်ရာ အကြီးအကဲ လီနာဒိုအန်ဒိုလိုက ပြောကြားသည်။

ကျူးဘားနိုင်ငံအနေဖြင့် စစ်ရေးလေ့ကျင့်မှုကို နိုင်ငံကာကွယ်ရေးအတွက် စစ်ရေးစွမ်းရည် တိုးမြှင့်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြိုတိန် ရေဘေးအန္တရာယ် သတိပေးချက် လျှော့ကျသွားပြီ

လန်ဒန် နိုဝင်ဘာ ၂၈

ဗြိတိန်နိုင်ငံတွင် ရေဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတိပေးချက်များ ထုတ်ပြန်ထားရာ နိုဝင်ဘာ ၂၆ ရက်ကမူ ကမ်ဘရီယာ ဒေသတစ်ခုတည်း၌သာ ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားရသည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ကမ်ဘရီယာသည် လွန်ခဲ့သည့် သီတင်းပတ်တွင် ရေလွှမ်းမှုမှတ်တမ်း အဆိုးရွားဆုံး ဖြစ်ခဲ့သည်။ ကမ်ဘရီယာတွင် လမ်းကူးတံတား ၂၁စင်းကို ပိတ်ထားရဆဲဖြစ်သည့်အပြင် တံတားသုံးစင်းမှာလည်း ပျက်စီးခဲ့သည်။ **(အင်တာနက်)**

အိမ်ခန်းတွဲ မီးလောင်

ဗြိတိန်နိုင်ငံ လန် ဒန် မြို့ ၌ လူနေအိမ်ခန်း တွဲ မီးလောင်မှု ဖြစ် ပွား ပြီး နောက် အပျက် အစီး များကို နိုဝင်ဘာ ၂၆ ရက်က တွေ့ရ စဉ်။

(အင်တာနက် ဓာတ်ပုံ)

A(H1N1) ရောဂါဖြင့်သေဆုံးသူ ကမ္ဘာတစ်ဝန်း၌ ၇၈၂၆ဦးရှိလာ

ဂျီနီဗာ နိုဝင်ဘာ ၂၈

၂၀၀၉ခုနှစ် ဧပြီလမှစတင်ဖြစ်ပွားခဲ့သည့် A(H1N1) ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူဦးရေမှာ ၇၈၂၆ဦးသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ နိုဝင်ဘာ ၂၇ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

သေဆုံး

A(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေမှာ အမေရိကန်နိုင်ငံများတွင် ၅၃၆၀၊ အရှေ့တောင်အာရှနိုင်ငံများ၌ ၇၃၈ဦး၊ ဥရောပနိုင်ငံများမှာ ၆၅၀၊ အနောက် ပစိဖိတ်နိုင်ငံများတွင် ၆၄၄ဦး၊ မြေထဲပင်လယ်ဒေသတွင် ၃၃၀နှင့် အာဖရိကနိုင်ငံများတွင် ၁၀၄ဦး အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

A (H1N1) ရောဂါဖြင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း စပိန်တွင် ၁၇ဦးသေဆုံး

မက်ဒရစ် နိုဝင်ဘာ ၂၈

စပိန်နိုင်ငံ၌ နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း A(H1N1) တုပ်ကွေးရောဂါဖြင့် ၁၇ဦးသေဆုံးခဲ့ရာ နိုင်ငံအတွင်း A (H1N1)တုပ်ကွေးရောဂါကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၁၃၅ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

ထပ်မံဖြစ်ပွား

စပိန်နိုင်ငံအတွင်း A(H1N1) ရောဂါဖြစ်ပွားမှုမှာ မြင့်တက်လျက်ရှိပြီး ပြီးခဲ့သည့်သီတင်းပတ်၌ပင် ၁၅၈၉၄၂ဦး ရောဂါထပ်မံဖြစ်ပွားခဲ့ကြောင်း၊ ရောဂါဖြစ်ပွားသူ ၁၀၀၀ လျှင် သေဆုံးမှုမှာ ဝ ဒသမ ဝ၁ ရာခိုင်နှုန်းမှ ဝ ဒသမ ၁၃ ရာခိုင်နှုန်း ကြားရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုမ္ပဏီများ ကယ်ဆယ်ရေးရန်ပုံငွေအချို့ တောင်ကိုရီးယားအစိုးရ ပြန်လည်ရရှိ

ဆိုးလ် နိုဝင်ဘာ ၂၈

တောင်ကိုရီးယားအစိုးရသည် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ခုနှစ်အတွင်း အာရှဘဏ္ဍာရေး အကျပ်အတည်းကြောင့် ကြွေးမဆပ်နိုင်သော ကုမ္ပဏီများအတွက် ကယ်ဆယ်ရေးရန်ပုံငွေအဖြစ် ထုတ်ပေးခဲ့သည့် ပြည်သူ့ဘဏ္ဍာမှ ယခုအခါ ၅၆ ဒသမ ၂ ရာခိုင်နှုန်းကို ပြန်လည်ရရှိပြီဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုအဖွဲ့ (အက်ဖ်အက်စ်စီ)၏ အဆိုအရ ထုတ်ပေးခဲ့သော ပြည်သူ့ဘဏ္ဍာငွေ ၁၆၈ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၂ ဘီလီယံ) ရှိသည့်အနက် ဝမ် ၉၄ ဒသမ ၇ ထရီလီယံကို စက်တင်ဘာလကုန်ပိုင်းတွင် ပြန်လည်ရရှိခဲ့ပြီဖြစ်သည်ဟု သိရသည်။

ရန်ပုံငွေထုတ်ပေး

တောင်ကိုရီးယား အစိုးရအနေဖြင့် အာရှဘဏ္ဍာရေးအခက်အခဲအတွင်း ကြွေးမဆပ်နိုင်သော ကုမ္ပဏီများအား ဖေးမရန် ပြည်သူ့ဘဏ္ဍာမှ ကယ်ဆယ်ရေးရန်ပုံငွေ ထုတ်ပေးခဲ့သည်။ **(အင်တာနက်)**

ခမာနီထောင်မှူး အမှု လာမည့်နှစ် စီရင်ချက်ချဖွယ်ရှိ

ဖနောင်ပင် နိုဝင်ဘာ ၂၈

ကမ္ဘောဒီးယားနိုင်ငံ ခမာနီအစိုးရလက်ထက်က သေမင်းတမန်အကျဉ်းထောင်ကို ဦးစီးခဲ့သူ ထောင်မှူး ဒတ်ချ်က ၎င်းအားစစ်ဆေးခဲ့သည့် နောက်ဆုံးရက်တွင် တရားသေလွှတ်ပေးရန် ကုလသမဂ္ဂ ထောက်ခံသည့် စစ်ရာဇဝတ်ခုံရုံးအား မေတ္တာရပ်ခံသဖြင့် ကြားရသူအားလုံး အံ့အားသင့်ကုန်သည်။

ခန့်မှန်း

သူအုပ်ချုပ်ရသည့်အကျဉ်းထောင်၌ ပြည်သူ ၁၅၀၀၀ သေဆုံးရခြင်းနှင့် စပ်လျဉ်း၍ ၎င်းတွင်တာဝန်ရှိကြောင်း ဒတ်ချ်က ဝန်ခံသည်။ ခုံရုံးတရားသူကြီးများက ကြားနာမှုကို အဆုံးသတ်လိုက်ပြီး စီရင်ချက်ကို လာမည့်နှစ်ဆန်းတွင် ချမှတ်ဖွယ်ရှိကြောင်း ခန့်မှန်းပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းသို့ အတ္တလန္တစ် လွန်းပြန်ယာဉ် အောင်မြင်စွာ ဆင်းသက်ခဲ့သည်ကို နိုဝင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အမေဇုန် သစ်တောများထိန်းသိမ်းရေး ချမ်းသာသောနိုင်ငံများ ကူညီရန်တိုက်တွန်း

မာနောစ် နိုဝင်ဘာ ၂၈

အမေဇုန် သစ်တောများထိန်းသိမ်းရေးအတွက် ဆင်းရဲသည့်နိုင်ငံများအား ချမ်းသာသောနိုင်ငံများက ငွေကြေးကူညီထောက်ပံ့ကြရန် အမေဇုန်ဒေသကိုးနိုင်ငံက တိုက်တွန်းလိုက်သည်။ ဘရာဇီးနိုင်ငံ မာနောစ်၌ ကျင်းပသည့် ကိုးနိုင်ငံအစည်းအဝေးက အထက်ပါအတိုင်း တိုက်တွန်းနှိုးဆော်လိုက်ခြင်းဖြစ်သည်။

ထောက်ခံ

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်၌ မကျင်းပမီ အချိန်ကပ်လျက်ကျင်းပသည့် ဤအစည်းအဝေးက ၂၀၂၀ခုနှစ်အရောက်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၄၀ ရာခိုင်နှုန်း လျှော့ချရေးအစီအစဉ်ကိုလည်း ထောက်ခံလိုက်သည်။ ***(အင်တာနက်)***

နိုဝင်ဘာ ၂၆ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့၏ ထောက်ပံ့ငွေပေးအပ်ပွဲကို အဆိုပါရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းအေး(ငြိမ်း)က ဗိုလ်မှူးလှမင်း(မသန်စွမ်း) ထောက်ပံ့ငွေ ပေးအပ်စဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

သဃ်န်းကျွန်းစစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)မှ ထောက်ပံ့သော သဃ်န်းကျွန်း မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ များ၊ အရန်အဖွဲ့ဝင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ် ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၁၀နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး ခိုင်ကိုလွင်(ငြိမ်း)က အမှာစကားပြောကြား သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်၂၀၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦး၊ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မမေသဲဇာနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက ထောက်ပံ့ ငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ (၁၂၁)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သော ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်း မြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ကျင်းပမည် ဖြစ်သည်။

ရန်ကုန်မြို့နေ အသက်(၇၅)နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်သား ကန်တော့ခံဘိုးဘွား များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးရ ဝါးခယ်မ မြို့နယ်မှ ကျောင်းသားများ၊ ဆုတံဆိပ်ရရှိသူများသည် အခမ်းအနားသို့ တက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ်၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀သို့ ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုဝင်ဘာ ၂၅ရက်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြင့်ဆောင်ရွက်သော တာဦး ကျောင်းလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမင်းကျော်ခိုင် ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အာရုံသစ်စာကြည့်တိုက်ဆောက်လုပ်ရေး ခရမ်းမြို့နယ်တွင် ပန္နက်တင်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ထရန်ကံကျေးရွာအုပ်စု သစ်ဝင်တန်းကျေးရွာ၌ နိုင်ငံတော်အထောက်အပံ့ဖြင့် ဆောက်လုပ်သော အာရုံသစ်စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၃ရက်က စာကြည့်တိုက်ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင် ထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အာရုံသစ်စာကြည့်တိုက်ကို ပန္နက်တင် ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ထန်းတပင်မြို့နယ် ဇရပ်ကြီး-မြို့ဆိုးလမ်း ကျောက်ချောခင်း

ထန်းတပင် နိုဝင်ဘာ ၂၈

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ခုနှစ် ဇရပ်ကြီး-မြို့ဆိုး ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို နိုဝင်ဘာ ၂၆ရက်က ပဲခူးတိုင်း ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းလတ်ဦးတို့က ရှင်းလင်း တင်ပြကြသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ခြင်းလုံးဒိုင်လူကြီးသင်တန်း (၆/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာ နိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ မြန်မာ နိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယက ဦးကျော်စိန် (မိုးကုတ်-ဖြူစင်မေတ္တာဆေးတိုက်)၊ အမှု ဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခြင်းလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အမှုဆောင် ဦးချစ် လှိုင်က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ခြောက်ဦး၊ ရန်ကုန်တိုင်းမှ ၁၁ဦး၊ ဧရာဝတီတိုင်းမှ လေးဦး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ နှစ်ဦးစီ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တစ်ဦးစီ စုစုပေါင်း ၃၁ဦး တက်ရောက် ကြသည်။ (ခြင်းလုံးအဖွဲ့ချုပ်)

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်ရေးဇာတ်တိုက်သရုပ်ပြ လေ့ကျင့်မှုကို နိုဝင်ဘာ ၁၀ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေး၊ ဦးစီးအရာရှိ ဦးဝင်းဆန်း၊ ဒုတိယဦးစီးမှူး(ဈေး)ဦးစောထိုက်ဝင်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီဝင်များ စုပေါင်း၍ လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကဝ-ရှမ်းကန် ကျေးလက် ဂဝံလမ်းခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို နိုဝင်ဘာ ၁၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှု နှစ်စဉ် ဟက်တာ တစ်သန်းကျော် ဆုံးရှုံးနေ

အင်ဒိုနီးရှားနိုင်ငံ၌ နှစ်စဉ်တောမီးလောင်မှုကြောင့် သစ်တောဟက်တာ ၁ဒသမ ၁သန်း ဆုံးရှုံးလျက်ရှိကြောင်း၊ နှစ်စဉ် သစ်တောဟက်တာ ၅၀၀,၀၀၀ခန့်သာ ထိန်းသိမ်း နိုင်ကြောင်း ဒေသဆိုင်ရာ မီဒီယာက နိုဝင်ဘာ ၂၈ရက်တွင် သတင်းထုတ်ပြန် သည်။

ဘူလ်ဂေးရီးယားစီးပွားရေး ပြန်လည်ဦးမော့လာ

ဘူလ်ဂေးရီးယားနိုင်ငံ၏စီးပွားရေးအခြေအနေသည် အောက်တိုဘာလနှင့် နှိုင်းယှဉ် လျှင် နိုဝင်ဘာလတွင် စုစုပေါင်းစီးပွားရေးအခြေအနေ အညွှန်းကိန်းအရ ၀ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လာရာ စီးပွားရေးအခြေအနေပြန်လည်ကောင်းမွန်သည့် လက္ခဏာကို ပြသနေကြောင်း ဘူလ်ဂေးရီးယားအမျိုးသားစာရင်းဇယားဌာန (အင်န်အက်စ်အိုင်)က နိုဝင်ဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

သတင်းစုဆောင်းရေးဂြိုဟ်တု ဂျပန်လွှတ်တင်

ဂျပန်နိုင်ငံသည် ကာဂိုရှီးမားစီရင်စုရှိ နိုင်ငံပိုင် တာနီဂါရှီမာ အာကာသစခန်းမှ နေ၍ သတင်းစုဆောင်းရေးဂြိုဟ်တုတစ်လုံးကို နိုဝင်ဘာ ၂၈ ရက်က လွှတ်တင်လိုက် သည်။ ယင်းဂြိုဟ်တုကို ဂျပန်လုပ်ဒုံးကျည်ဖြင့် ပစ်လွှတ်လိုက်ခြင်းဖြစ်သည်ဟု သိရသည်။

ကိုကင်း ၉၆၈ကီလိုဂရမ် ပြင်သစ်လုံခြုံရေးသိမ်းဆည်းရမိ

ပြင်သစ်အချုပ်အခြာအာဏာအောက်ရှိ ကာရစ်ဘီယံဒေသတွင် ပြင်သစ်လုံခြုံရေး တပ်ဖွဲ့မှ နိုဝင်ဘာ ၂၆ ရက်က ကိုကင်း၉၆၈ကီလိုဂရမ်ကို သိမ်းဆည်းလိုက်ပြီး ပြင်သစ် လူမျိုးတစ်ဦးနှင့် စပိန်လူမျိုးတစ်ဦးတို့အား ဖမ်းဆီးခဲ့ကြောင်း ပြင်သစ်နိုင်ငံ ဘတ်ဂျက်ရေးရာဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရုရှားအမြန်ရထား လမ်းချော်တိမ်းမှောက် ၃၉ဦးထက်မနည်း သေဆုံး

ရုရှားအမြန်ရထားတစ်စင်းသည် နိုဝင်ဘာ၂၇ရက်က လမ်းချော်တိမ်းမှောက်သွား သဖြင့် ၃၉ဦးထက်မနည်းသေဆုံးပြီး ၁၀၀နီးပါး ဒဏ်ရာရရှိသွားကြောင်း အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။ ***(အပေါ်ပုံ)***

တူရကီတောင်ပိုင်း၌ နေအိမ်ပြိုကျ၊ ငါးဦးသေဆုံး

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ကီလိစ်ပြည်နယ် မူဆာဘာလီမြို့အနီးရှိ ကျေးရွာ တစ်ရွာတွင် နှစ်ထပ်အိမ်တစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် တစ်ဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း အနာတိုလီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဇင်ဘာဘွေလေယာဉ် တရုတ်၌မီးလောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှန်ဟဲပူတောင်လေဆိပ်တွင်ဇင်ဘာဘွေကုန်တင် လေယာဉ်တစ်စင်း နိုဝင်ဘာ ၂၈ရက်က မီးလောင်သဖြင့် လေယာဉ်ဝန်ထမ်းသုံးဦးသေဆုံး ပြီး အခြားလေးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်။ အဆိုပါလေယာဉ်သည် မပျံသန်းမီ လေယာဉ်ပြေးလမ်းပေါ်တွင် နံနက် ၈ နာရီ ၁၂ မိနစ် အချိန်က လမ်းကွေ့၌လမ်းချော်ပြီး ယင်းကဲ့သို့ မီးလောင်ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း၌ ကူးတို့သင်္ဘောတိမ်းမှောက်

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းပင်လယ်ကမ်းခြေရှိ ဘူလာခရိုင် တန်တူလီယာမြစ်တွင် နိုဝင်ဘာ၂၆ရက်ညက ကူးတို့သင်္ဘောတိမ်းမှောက်သဖြင့် သေကျေဒဏ်ရာရနှင့် ပျောက်ဆုံး နေသူများကို ကယ်ဆယ်ရေးသမားများက ရှာဖွေလျက်ရှိရာ ယခုအချိန်အထိ အလောင်း ၁၁ လောင်းကိုတွေ့ရှိပြီး ပျောက်ဆုံးနေသူ ဒါဇင်ပေါင်းများစွာကို ရှာဖွေ နေဆဲဖြစ်သည်။ ဘူလာသည် ဒါကာမြို့တော်အရှေ့တောင်ဘက် ၁၉၇ ကီလိုမီတာ အကွာ၌ရှိသည်။

A(H1N1) တုပ်ကွေးရောဂါ တိရစ္ဆာန်များ၌တွေ့ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နာမကျန်းဖြစ်နေသော ခွေးနှစ်ကောင်ကို စမ်းသပ် ရာ၌ A(H1N1) တုပ်ကွေးရောဂါပိုးတွေ့ရှိရသဖြင့် တိရစ္ဆာန်များတွင် A(H1N1) တုပ်ကွေးရောဂါ စူးစမ်းလေ့လာမှုများ အလေးအနက်ထားဆောင်ရွက်သွားကြရန် တရုတ် စိုက်ပျိုးရေးဝန်ကြီးဌာနက ဆော်သြထားသည်။ ***(အင်တာနက်)***

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရတနာပုံမြို့သစ် (မြောက်ပိုင်း) အဆင့်မြင့်ကိုယ်ပိုင်အိမ်ရာ သောက်သုံးရေဖြန့်ဖြူးနိုင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် နိုဝင်ဘာ ၉ ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအနီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရတနာပုံမြို့သစ် (မြောက်ပိုင်း) အဆင့်မြင့်ကိုယ်ပိုင်အိမ်ရာ စီမံကိန်းနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

ရေလှောင်ကန်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအနီး အဆင့်မြင့်ကိုယ်ပိုင်အိမ်ရာစီမံကိန်းနယ်မြေသို့ ရောက်ရှိစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကနဦး အနည်ကျကန်၊ အကြမ်း ရေစစ်ကန်၊ အနှေးကျသဲရေစစ်ကန်၊ ရေဂါလန် ငါးသိန်းဆံ့ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ပြီးစီးမှုနှင့် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှတာဝန်ခံအင်ဂျင်နီယာများက မိမိတို့တာဝန်ယူဆောက်လုပ်လျက်ရှိသော အဆင့်မြင့်ကိုယ်ပိုင် အိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် အဝင်၊ အထွက်လမ်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သောက်သုံးရေ

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းဧရိယာအတွင်း သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများ၊ ရေတွန်းစက်ရုံတွင်ထားရှိမည့် ကီလိုဝပ်၉၀ မော်တာများတပ်ဆင်မှု အခြေအနေများ၊ ရေပိုက်လိုင်းများ သွယ်တန်းနေမှုအခြေအနေများ၊ ပုဂ္ဂလိကကုမ္ပဏီများက အဆင့်မြင့် ကိုယ်ပိုင်အိမ်ရာများ တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ အလေအလွင့်နည်းပါးစေရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးခဲ့သည်။

(၁၁၃)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ဘီးလင်းသကြားစက်၌ စက်များမွမ်းမံပြင်ဆင်မှု စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် နိုဝင်ဘာ ၁၉ရက်က ဘီးလင်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဘီးလင်းသကြားစက်ရုံရှိ ကြိတ်လုံးဌာနနှင့် ဘွိုင်လာဌာနတို့၌ စက်တပ်ဆင် မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုနှင့် လျှပ်စစ်ဌာန၊ သကြားချက်ဌာနစိတ်တို့၌ စက်များမွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး နေပြည်တော်၌ တရားမအယူခံမှုများ ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၈

တရားရုံးချုပ်မှ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံ ခုံရုံးသည် နိုဝင်ဘာ၂၇ရက် နံနက်၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ၁၁မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရတင်သွင်းသည့် တရားမ အထူးအယူခံမှု ရှစ်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောင်ချို မြို့မဈေး ရေမြောင်းများဆယ်ယူ

နောင်ချို နိုဝင်ဘာ ၂၈

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်များပေါက်ပွားမှုမရှိစေရန် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းဆယ်ယူမှုကို ဒုတိယဦးစီးမှူး ဒေါ်နှင်းသက်ခိုင်နှင့် သန့်ရှင်းရေး ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကွင်းဆင်း ကြီးကြပ်ပေးသည်။ **(မြို့နယ်စည်ပင်)**

သရက်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်ကောင်းများ ပညာပေးသင်တန်းဖွင့်

တောင်ကြီး နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ သရက်သီးစိုက်ပျိုးသူများအသင်းတို့ ပူးပေါင်း၍ သရက်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်ကောင်းများ ပညာပေးသင်တန်းကို ပြည်နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်မန်နေဂျာ ဦးခင်မောင်ရင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးထွန်းက အစားအစာအန္တရာယ်ကင်းရှင်းရေးနှင့် ရိတ်သိမ်းပြီးနောက်ပိုင်း ကိုင်တွယ်ထုပ်ပိုး၊ သယ်ယူပို့ဆောင်နည်းစနစ်ကောင်းများကိုလည်းကောင်း၊ ဥယျာဉ်ခြံသီးနှံဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဝင်းက စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်ကောင်းများ Good Agriculture Practice (GAP) စနစ်ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် နမ့်လတ် ဥယျာဉ်ခြံမန်နေဂျာ ဦးတင့်နိုင်က သရက်စိုက်ပျိုးထုတ်လုပ်ခြင်း၊ သရက်တွင် လိုအပ်သည့် အာဟာရဓာတ်များနှင့် အချိန်အခါမဲ့ သရက်သီး စိုက်ပျိုး ထုတ်လုပ်ခြင်း အကြောင်းများကိုလည်းကောင်း၊ အပင်ရောဂါဗေဒဌာနမှ မန်နေဂျာဒေါ်မြင့်နုသွင်က သရက်တွင် ကျရောက်သည့်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ ကိဓိလဗေဒဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်အေးပွင့်ခိုင်က သရက်တွင် ကျရောက်သည့် ဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း ဆွေးနွေးသင်ကြားပို့ချကြသည်။

တက်ရောက်

သင်တန်းသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဟိုပုံးမြို့နယ်၊ ရွာငံမြို့နယ်တို့မှ သရက်စိုက်ပျိုးသူ ခြံပိုင်ရှင် ၄၅ ဦးတို့ သင်တန်းတက်ရောက်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မိုးညှင်းမြို့၌ ပန်းခြံအသစ် ပြုလုပ်

မိုးညှင်း နိုဝင်ဘာ ၂၈

မိုးညှင်းခရိုင် မိုးညှင်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုးညှင်းမြို့ ပန်းခြံအသစ် ပြုလုပ်နေမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်တို့ လာရောက် လေ့လာကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

အမျိုးသားနေ့ အခမ်းအနား မကွေးမြို့နယ်၌ ကျင်းပ

မကွေး နိုဝင်ဘာ ၂၈

(၈၉) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို မကွေးမြို့ အထက(၁) ပန်းဟောဝန်ခန်းမ၌ နိုဝင်ဘာ ၁၁ရက် နံနက် ၇နာရီက ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ ဖွင့်လှစ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှအောင်က ဖတ်ကြားသည်။

သီဆိုဖျော်ဖြေ

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများ ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

(မြို့နယ် ပြန်/ဆက်)

အင်အားပြင်းမြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုဝင်ဘာ ၂၈ရက် မွန်းလွဲ ၁၂နာရီ ၄၈မိနစ် ၂၃စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းတာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကျေးလက်လမ်းခင်း

ညောင်ဦးမြို့နယ် ရွှေလှိုင်း-အနောက်အုံလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

Parkroyal Youth Art Award 2009 ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

Parkroyal Youth Art Award 2009 ၏ ''မြန်မာ့မြင်ကွင်းအလှ'' ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Parkroyal Yangon ၌ ကျင်းပရာ ဆုရရှိသူများ၊ အမှတ်ပေးဒိုင်လူကြီးများ၊ Parkroyal NAFA၊ RV! Centre Yangon တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Parkroyal Yangon ၏ General Manager Mr. Teddy Chia က အဖွင့်အမှာစကားပြောကြားသည်။

(အောက်ပုံ)

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက ပထမဆုကို 'ဗုဒ္ဓ၏အလှ' ပန်းချီကားဖြင့် မသိင်္ဂီအားလည်းကောင်း၊ ဒုတိယဆုကို 'တောရကျောင်း' ပန်းချီကားဖြင့် မလင်းကြည်ဖြူသန့်အားလည်းကောင်း၊ တတိယဆုကို 'ပုဂံဆည်းဆာ' ပန်းချီကားဖြင့် မအေမီသိန်းအားလည်းကောင်း၊ ဂုဏ်ပြုဆုရရှိသူ ပြိုင်ပွဲဝင် ခုနစ်ဦးတို့ကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ရွေးချယ်

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ပန်းချီကားများကို ဒိုင်ချုပ်အဖြစ် The Nanyan Academy of Fine Art, Singapore မှ Mr. S, Chandrasekaran နှင့်အတူ မြန်မာပန်းချီပညာရှင်ကြီးများဖြစ်ကြသော ဦးဆန်နီငြိမ်း၊ ဦးတင်ဝင်း၊ ဦးစိန်မျိုးမြင့်နှင့် ဦးကျော်သောင်းတို့က ပြိုင်ပွဲဝင် ပန်းချီလက်ရာများကို စိစစ်အကဲဖြတ် ရွေးချယ်ပေးခဲ့ကြသည်။

ပံ့ပိုးကူညီ

ယခုနှစ်ပြိုင်ပွဲကို နိုင်ငံတကာ အသိအမှတ်ပြု အနုပညာအဖွဲ့အစည်းကျောင်းတစ်ကျောင်းဖြစ်သော The Nanyan Academy of Fine Art, Singapore နှင့် မြန်မာနိုင်ငံ၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သော RV! Centre International တို့က ပံ့ပိုးကူညီပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ငှက်ဖျားနှင့် အဖျားရောဂါပျောက်ဆေး ဖော်စပ်အသုံးပြုနိုင်သော နန်းပေါ်ကြော့ပင်ကို နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်အတွင်း စိုက်ပျိုးထားသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

■ ရှေ့ဖုံးမှ

တိုင်းရင်းဆေးများဖြင့် ထိုရောဂါများကို ထိထိရောက်ရောက် ကုသနိုင်ရေးမှာ တိုင်းရင်းဆေးပညာရှင်များ အခန်းကဏ္ဍနှင့် တိုင်းရင်းဆေး ဖော်စပ်ရာတွင် အသုံးပြုသည့် ပရဆေးပင်များ ရှင်သန်တိုးပွားလာရေးမှာ အဓိကအရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသည်။

ထို့ကြောင့်လည်း နိုင်ငံတော်က နေပြည်တော်၌ အမျိုးသားပရဆေး ဥယျာဉ်ကြီးကို ၂၀၀၈ခုနှစ် ဇန်နဝါရီလက တည်ထောင်ဖွင့်လှစ်ပေးခဲ့ပေသည်။

ယင်းအမျိုးသား ပရဆေးဥယျာဉ်ကြီးသည် နေပြည်တော်ရှိ နေပြည်တော် ပျဉ်းမနား တောင်ညိုသွား ကားလမ်းနံဘေး၌ တည်ရှိသည်။

မြန်မာ့အလင်း သတင်းခရီးသည်များသည် အများပြည်သူတို့အား ဆေးဖက်ဝင် ပရဆေးပင်များ အသုံးဝင်ပုံနှင့် ပတ်သက်၍ တစေ့တစောင်း လေ့လာတင်ပြနိုင်ရန် အဆိုပါ အမျိုးသားပရဆေး ဥယျာဉ်ကြီးသို့ သွားရောက် လေ့လာခဲ့ကြသည်။

ခံ့ညားထည်ဝါ

အမျိုးသားပရဆေးဥယျာဉ်၏ အဝင် မုခ်ဦးကို ဦးစွာတွေ့ရသည်။ ဗိသုကာလက်ရာမြောက်စွာ ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော မုခ်ဦးပင်ဖြစ်သည်။ ထိုမုခ်ဦးကြီး၏ အနောက်ဘက်တွင် စိမ်းညို့ညို့ တောတန်းကြီးသဖွယ် တည်ရှိနေသော ပရဆေးဥယျာဉ်ကြီးကို တွေ့ရသည်။

ချိတ်ဆွဲထား

အမျိုးသား ပရဆေးဥယျာဉ်ကြီး အတွင်းသို့ ဝင်သွားလိုက်သည်နှင့် အပင်တိုင်းတွင် အင်္ဂလိပ်စာတန်းထိုး ရုက္ခဗေဒအမည်၊ မြန်မာအမည်များ ရေးကပ်ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ အပင်ကြီး၊ အပင်ငယ်အမျိုးစုံလှသည်။ ထူးထူးခြားခြား ရှားပါးဆေးဖက်ဝင် အပင်များကိုလည်းတွေ့ရသည်။ အပင်ပေါင်း ထောင်သောင်းမက ပေါက်ရောက်တည်ရှိနေသကဲ့သို့ အမျိုးပေါင်းမှာလည်း မရေမတွက်နိုင်အောင်ပင် များပြားလှ၏။

ပရဆေးပျိုးပင်များ ပျိုးထုပ်ထားသည်ကို ဥယျာဉ်အတွင်း၌ ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ဖန်လုံအိမ်အတွင်း စိုက်ပျိုးထားသော ပရဆေးပင်အချို့ကို ဝင်ရောက်စေ့ငုကြ၏။ ၎င်းဖန်လုံအိမ်အတွင်း ပန်းအိုးများနှင့် စိုက်ပျိုးထားသော ပရဆေးပင်များကို တွေ့ရသည်။

ဖော်စပ်အသုံးပြုနိုင်

ထိုပရဆေးပင်များမှာ ဆီးချို၊ သွေးချိုရောဂါပျောက်သော သကြားမကိုင်ပင်၊ အသည်းရောဂါ၊ သည်းခြေအိတ်ရောဂါပျောက်ကင်းသော စောင်းလျားပင်၊ အကြောလိမ်းဆေး၊ အခိုးပွင့်ဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည့် ပရုတ်ပင်၊ အစာကြေ၊ လေသလိပ်နှင့် အဖျားရောဂါပျောက်နိုင်သော မြန်မာပိတ်ချင်း၊ ဆီးချို၊ သွေးချိုရောဂါ သက်သာစေနိုင်သော ပျားမြီးပင်၊ နှလုံးရောဂါ၊ ချောင်းဆိုး၊ အစာကြေဆေးအဖြစ် ဖော်စပ် အသုံးပြုနိုင်သည့် ကွမ်းစားဂမုန်းတို့ကို တွေ့ရသည်။

ဆက်လက်၍ လေ့လာမှတ်သားကြပြန်သည်။ သူငယ်နာ၊ ကျောပူ၊ ခေါင်းပူ သက်သာသည့် စာသူငယ်ဦးနှောက်ပင်၊ အသည်းရောဂါအတွက်ကောင်းသည့် ကြက်သဟင်းပင်၊ အဖောအရောင်နှင့် မီးလောင်ဒဏ်ရာသက်သာစေနိုင်သော ဘီလူးမတောင်ဝှေးပင်၊ သည်းခြေနှင့်လိပ်ခေါင်းအတွက်ကောင်းသော မဟာကကြိဆစ်၊ အပူငြိမ်းပြီး ဆီးလွန်နာအတွက် ဖော်စပ်သုံးစွဲသင့်သည့် ခံတက်ပင်၊ ဆီးရောဂါနှင့် အပူငြိမ်းဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သော အလိုက်ကျူပင်၊ ချောင်းဆိုး၊ သွေးအန်နှင့် သွေးကျနာအတွက် ကောင်းသည့် မုရားကြီး၊ အစာကြေလေနိုင်သော သစ်ကြံပိုး၊ ဝမ်းဖောဝမ်းရောင် ကုသရာတွင် ဖော်စပ်နိုင်သည့် လောက်သေပင်၊ အစာကြေ၊ လေတက်၊ ကြွက်တက်နာအတွက်ကောင်းသော ကြောင်ပန်းကြီးပင်၊ လေနာ၊ ဝမ်းကိုက်နှင့် အဆုတ်နာတို့အတွက် ဖော်စပ်သုံးစွဲသော ပတဲကော၊ သွေးတိုးနှင့် မူးဝေခြင်းကိုနိုင်သည့် ဇကရာဇ်၊ မီးယပ်နာ၊ အကိုက်အခဲပျောက် ဆေးဖော်စပ်ရာတွင် သုံးသော ယင်းပြား၊ အစာကြေလေနိုင်သည့် ကန့်ချုပ်နီ၊ ခွန်အားတိုးဆေးအဖြစ် ဖော်စပ်သင့်သော ရှဥ့်မတက်ပင်တို့ကိုလည်း တွေ့ခဲ့ရသည်။

သကြားမကိုင်ပင်

ဆီးချိုသွေးချိုရောဂါများ အတွက် အသုံး တည့်သော သကြားမကိုင်ပင်ကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ပရဆေးပင်များ စိုက်ပျိုးပြသထားရာ ဖန်လုံအိမ်အဆောက်အအုံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

နံ့သာဖြူ

တစ်ဖန် ဥယျာဉ်အတွင်းဆက်လက်လေ့လာခဲ့ကြပြန်သည်။ ဦးစွာနံ့သာဖြူပင်ကိုတွေ့ရသည်။ နံ့သာဖြူပင်သည် နှလုံးနှင့် မူးဝေ၊ သည်းခြေဆေးများ ဖော်စပ်ရာတွင် အသုံးပြုနိုင်ကြောင်းသိရသည်။ နန်းပေါ်ကြော့ဆိုသည့် အပင်မှာ ငှက်ဖျားနှင့် အဖျားအမျိုးမျိုးပျောက်ကင်းသည်ဟု သိရသည်။ မြွေဆိပ်ဖြေဆေးအဖြစ် ဖော်စပ်နိုင်သည့် အမဲတစုပင်မှာ ပင်ပျော့ပင်အမျိုးအစားဖြစ်သည်။ လေသလိပ်နိုင်၊ အစာကြေဆေးအဖြစ် ဖော်စပ်နိုင်သည့် ရှိန်းခိုပင်၊ ကင်ဆာအဖုအကျိတ်အတွက် ကောင်းသည့် ကျောက်ထင်းရှူး စသည့် ပရဆေးပင်အမျိုးပေါင်း စုံလင်လှသည်။ အမျိုးသားပရဆေးဥယျာဉ်ကြီးအတွင်း ပရဆေးပင်အမျိုးအစားပေါင်း ရာချီရှိပြီး အပင်သောင်းချီရှိသည်။

အမဲတစုပင်

မြွေဆိပ်ဖြေဆေး အဖြစ် ဖော်စပ် အသုံးပြုနိုင်သည့် အမဲတစုပင်ကို ဤသို့တွေ့နိုင်သည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ရှိန်းခိုပင်

လေသလိပ်နိုင်၍ အစာကြေဆေး ဖော်စပ်ရာတွင် အသုံးပြုသည့် ရှိန်းခိုပင်ကို ဤသို့ တွေ့နိုင်သည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ကျောက်ထင်းရှူးပင်

ကင်ဆာ အဖုအကျိတ် ကုသရာ၌ အသုံးဝင်သည့်ကျောက်ထင်းရှူးပင်ကို ဤသို့ လှပစွာ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

အကျယ်အဝန်း

ဤအမျိုးသား ပရဆေးဥယျာဉ်ကြီးကို ၁၉၉၇ခုနှစ်တွင် စတင်တည်ထောင်စဉ်က ကေအားဖြင့် ၂၂ဒသမ ၇ဧကသာ ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်၌ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ဧကမှာ ပို၍ကျယ်လာသည်။ ယခုအခါ ထိုအမျိုးသားပရဆေး ဥယျာဉ်ကြီး၏ အကျယ်အဝန်းမှာ ၁၄၆ဒသမ ၄ ဧကရှိကြောင်း သိရသည်။

ရောဂါကြီးခြောက်မျိုး

နိုင်ငံတော်က အဓိကရောဂါကြီးခြောက်မျိုးကို တိုင်းရင်းဆေးဖြင့် ကုသနိုင်ရေး အဆိုပါ ဥယျာဉ်ကြီးအတွင်း ဝန်ကြီးဌာနသုံးခုက သတ်မှတ်နေရာအလိုက် ပရဆေးပင်များ စိုက်ပျိုးထားကြောင်း သိရသည်။ ဆီးချိုနှင့် သွေးတိုးရောဂါများအတွက် ပရဆေးပင်များကို ကျန်းမာရေးဝန်ကြီးဌာနက စိုက်ပျိုးသည်။ အဆုတ်နှင့် ငှက်ဖျားရောဂါအတွက် ပရဆေးပင်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးသည်။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်အတွက် ပရဆေးပင်များကို သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူစိုက်ပျိုးထားသည်။

လေ့လာနိုင်

သို့ဖြစ်၍ နိုင်ငံတော်က နေပြည်တော် အမျိုးသားပရဆေး ဥယျာဉ်ကြီး တည်ထောင်ဖွင့်လှစ်ပေးနိုင်မှုကြောင့် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးလေ့လာလိုက်စားနေသူများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းဆေး မှီဝဲအသုံးပြုနေကြသူများ တစ်နေရာတည်းတွင် ပရဆေးပင်များ လေ့လာနိုင်ပြီဖြစ်၍ မြန်မာ့တိုင်းရင်းဆေး တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် စေ့ငုရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

နေပြည်တော် အမျိုးသားပရဆေး ဥယျာဉ်ကြီး တည်ထောင်ဖွင့်လှစ်ပေးနိုင်မှု ကြောင့် တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်း ဆေးလေ့လာလိုက်စားနေသူများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းဆေး မှီဝဲအသုံးပြု နေကြသူများ တစ်နေရာတည်းတွင် ပရဆေး ပင်များ လေ့လာနိုင်ပြီဖြစ်၍ မြန်မာ့တိုင်းရင်း ဆေး တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိ။

နိုင်ငံတကာက အမြတ်တနိုး တန်ဖိုးထားဝယ်ယူလျက်ရှိသော မြန်မာ့ရိုးရာ ရွှေချည်ထိုး အနုပညာ လက်ရာပစ္စည်းများ

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-သာဉာဏ်နှင့်ရန်ကြီးအောင်(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်း ရှေးအတီတေ ကာလကတည်းက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြင့် မွမ်းထုံပြည့်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာလက်ရာများကို သားစဉ်မြေးဆက်လက်ဆင့်ကမ်း သင်ကြားပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ယနေ့ထက်တိုင် တည်တံ့ခိုင်ကျည်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။

''ရွှေချည်ထိုးလုပ်ငန်းဟာ ပန်းဆယ်မျိုးလုပ်ငန်းဖြစ်ကာ ပုဂံခေတ်ကတည်းက ထွန်းကားခဲ့ပြီး ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့အတွက် နှစ်ပေါင်းများစွာ တည်တံ့လာတဲ့ လုပ်ငန်းဖြစ်ပါတယ်''

ဦးစိန်မြင့်
ရွှေချည်ထိုးပညာရှင်။

တိုးချဲ့လုပ်ကိုင်

ယင်းတို့အနက် မြန်မာ့ရိုးရာ ရွှေချည်ထိုး အနုပညာလက်ရာ လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပေသည်။ မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တစ်ဝိုက်တွင် အထွန်းကားဆုံးဖြစ်ပြီး ယခုအခါတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ တစ်စတစ်စ တိုးချဲ့လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

အမြတ်တနိုး

ရှေးအခါက ရွှေချည်ထိုး၊ ငွေချည်ထိုး အနုပညာလက်ရာပစ္စည်းများကို ဘာသာရေးနှင့်ပတ်သက်သည့် အခမ်းအနားများ၊ ထီးသုံးနန်းသုံး ပစ္စည်းများအဖြစ် အမြတ်တနိုး အသုံးပြုကြသည်။ ယခုမျက်မှောက်ခေတ်တွင်မူ ရှင်ပြုနားသ အခမ်းအနားများ၊ ဇာတ်ပွဲနှင့် ရုပ်သေးပွဲများ၌ မင်းသား၊ မင်းသမီးများ အသုံးပြုသည့် အဝတ်အထည်များ ခေတ်အလိုက် လိုအပ်ချက်များအပေါ် အခြေခံသည့် ရွှေချည်ထိုး၊ ငွေချည်ထိုး ဦးထုပ်ပုံစံအမျိုးမျိုး၊ ပိုက်ဆံအိတ်၊ ဖုန်းအိတ်၊ လွယ်အိတ်အမျိုးမျိုး၊ ဝေ့စ်ကုတ်၊ နက်ကတိုင်နှင့် လက်အိတ်တို့တွင် ထိုးသည့်အရုပ်ဒီဇိုင်းများ၊ ကီးချိန်း၊ ဘောင်းဘီအနားတို့တွင် တပ်ဆင်သည့်အရုပ်ဒီဇိုင်းများကိုပါ ထုတ်လုပ်အသုံးပြုလျက်ရှိသည်။ ငွေကြေးတတ်နိုင်သူများ၊ ကုမ္ပဏီ လုပ်ငန်းရှင်များကလည်း ရွှေချည်ထိုး၊ ငွေချည်ထိုး ကားချပ်များ ဝယ်ယူ၍ ဧည့်ခန်းများတွင် အမြတ်တနိုး ချိတ်ဆွဲထားကြသည်။

ရှေးခေတ်က ရွှေချည်ထိုးလုပ်ငန်းတွင် တွင်းထွက်ကျောက်ကို သုံးကြသော်လည်း ယခုမျက်မှောက်ခေတ်တွင်မူ ကနုကမာ၊ မှန်ကျောက်မျိုးစုံနှင့် ဖန်တို့ကို ပုံဖော်၍သုံးစွဲကြသည်။ အချို့နေရာများတွင် သစ်သားပုတီးစေ့၊ ပလတ်စတစ်စေ့တို့ကိုလည်း ပြုလုပ်သုံးစွဲကြသည်။

ထို့ပြင် ရွှေချည်ထိုး၊ ငွေချည်ထိုး ဖောင်းကြွအရုပ်လုပ်ရာတွင် ဂွမ်းမှာ အဓိက ကျလုပေသည်။ အလားတူ ရွှေချည်ကြိုး၊ ငွေချည်ကြိုး၊ ဘော်ကြယ်၊ ပိတ်စ၊ ကတ္တီပါစ၊ အပ်ချည်၊ ဆီစိမ်စက္ကူ၊ မှိုင်းခံစက္ကူနှင့် ကော်မှုန့်၊ ကော်စိုတို့ကိုလည်း အသုံးပြုရသည်။

အဓိကကုန်ကြမ်း

အဓိကကုန်ကြမ်းများမှာ ပြည်တွင်းဖြစ် ကုန်ကြမ်းများဖြစ်သည်။ အချို့ကုန်ကြမ်း ပစ္စည်းများကို နိုင်ငံခြားဖြစ်နှင့် ပြည်တွင်းဖြစ် ရောနှော၍လည်းကောင်း၊ နိုင်ငံခြားဖြစ် ကုန်ကြမ်းသက်သက်ဖြင့်လည်းကောင်း သုံးစွဲရပေသည်။

ရုပ်သေးအဝတ်အစား

ကုန်ချော ဖြန့်ဖြူးမှုအရ ယခုအခါ ရုပ်ပြားထိုးစနစ်ဖြင့် ထုတ်လုပ်သည့်ပစ္စည်းများမှာ ဈေးကွက်တွင် အတွင်ကျယ်ဆုံး၊ အရောင်းအသွက်ဆုံးပစ္စည်းများဖြစ်ပြီး အစကပ် စနစ်ဖြင့် ပြုလုပ်သည့် ပစ္စည်းများမှာ ဒုတိယ၊ ရုပ်သေးအဝတ်အစား ထုတ်လုပ်သည့် လုပ်ငန်းမှာ တတိယ အရောင်းသွက်ကြောင်း သိရှိရသည်။

မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး လုပ်ငန်းမှထုတ်လုပ်သည့် အနုပညာလက်ရာ ပစ္စည်းများအနက် တန်ဖိုးကြီးမားသည့် ပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ စသည့် မြို့ကြီးများတွင် ဆိုင်တင်ရောင်းချခြင်း၊ လုပ်ငန်းရှင်အချို့နှင့် သမဝါယမအသင်းများက ပြည်ပသို့ တင်ပို့ရောင်းချခြင်းပြုကြပြီး တန်ဖိုးနည်းသည့် အမှတ်တရပစ္စည်းများကို ဘုရားဈေးများ၊ စတိုးဆိုင်များနှင့် ကုန်တိုက်များတွင် ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး အနုပညာလက်ရာပစ္စည်းများကို ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားစသည့် နိုင်ငံများက ကြိုက်နှစ်သက်စွာ ဝယ်ယူသိမ်းဆည်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဦးစိန်မြင့်

ပြီးခဲ့သည့် လပိုင်းက ရတနာပုံ မန္တလေးမြို့သို့ရောက်ခိုက် မျက်မှောက်မြန်မာ့ရွှေချည်ထိုး သမိုင်းခြေရာကို လေ့လာသိရှိလို၍ ပြည်တွင်းပြည်ပ နာမည်ကျော် ပညာရှင် ဦးစိန်မြင့်နှင့် သွားရောက် တွေ့ဆုံခဲ့သည်။ ဆရာဦးစိန်မြင့်က ''မန္တလေးမြို့မှာ လက်ရှိ ရွှေချည်ထိုးလုပ်ငန်း လုပ်ကိုင်သူ ၁၄ဦး၊ ၁၅ဦးခန့် ရှိပါတယ်။ ကျွန်တော်ကတော့ ဒီလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ကိုင်လာတာ ၂၄နှစ် ရှိခဲ့ပါပြီ။ အိမ်မှာပဲ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါတယ်။ ရွှေချည်ထိုး လုပ်ငန်းဟာ ပန်းဆယ်မျိုးလုပ်ငန်း ဖြစ်ပါတယ်။ ပုဂံခေတ်ကတည်းက ထွန်းကားခဲ့ပြီး ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့အတွက် နှစ်ပေါင်းများစွာ တည်တံ့လာတဲ့ လုပ်ငန်းဖြစ်ပါတယ်။

ကျွန်တော် မူလဝါသနာပါတာက ပန်းချီပညာပါ။ ရွှေချည်ထိုးလုပ်ငန်းကို ၁၉၈၅ခုနှစ်မှာ အိမ်တွင်းလုပ်ငန်းတစ်ရပ်အဖြစ် စတင်လုပ်ကိုင်ပါတယ်။ ရှေးရိုးအရရော၊ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုအရရော ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆွဲပြီး လုပ်ငန်းအပေါ် တန်ဖိုးထားဆောင်ရွက်ခဲ့ပါတယ်။

မှတ်မှတ်ရရ ဖြစ်မိတာကတော့ ၁၉၉၀ခုနှစ်မှာ နိုင်ငံတော်က ကမ္ဘာ့ကုလသမဂ္ဂကို လက်ဆောင်အဖြစ်ပေးအပ်တဲ့ (၁၇×၇)ပေရှိ ရွှေချည်ထိုးကားချပ်ကြီးကို ရှစ်လကြာ ရေးဆွဲခဲ့တာပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂဌာနချုပ်မှာ ချိတ်ဆွဲမှာ ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကို အဓိက ဖော်ကျူးရေးဆွဲခဲ့ပါတယ်။

ပြည်မြန်မာရဲ့ စေတီပုထိုး၊ လယ်ယာထွက်ကုန်များအပြင် လောကနတ်ပုံကိုလည်း ထည့်သွင်းရေးဆွဲပေးခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးက ခေါင်းဆောင်များ၊ ပညာရှင်များ တွေ့မြင်ကြမှာဖြစ်တဲ့အတွက် ပီတိဖြစ်မိသလို နိုင်ငံတော်က မြေတောင်မြှောက်ပေးတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်'' ဟု ပြောကြားပါသည်။

တစ်ဆက်တည်းမှာပဲ ''ယခုလက်ရှိ ကျွန်တော့်ရဲ့ ရွှေချည်ထိုး လုပ်ငန်းမှာ အချိန်ပိုင်း ဝန်ထမ်း ၄၀နဲ့ အချိန်ပြည့်ဝန်ထမ်း ၂၀ ရှိပါတယ်။ အဓိကအားဖြင့် အရည်အသွေးကို ဦးစားပေးပါတယ်။ ပြည်တွင်းမှာ ရပ်ကွက်အတွင်းက လက်မှုလုပ်ငန်း လုပ်ကိုင်လိုသူ အမျိုးသမီးများ၊ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ နယ်စပ်ဒေသက တိုင်းရင်းသူများကို သင်တန်းပေးသင်ကြားပေးလျက်ရှိပါတယ်။ အသက်မွေးဝမ်းကျောင်း လက်မှုလုပ်ငန်းတစ်ရပ်အဖြစ် ခြောက်လမှ တစ်နှစ်အတွင်း တတ်မြောက်နိုင်ပါတယ်'' ဟူ၍ ပြောကြားသည်။

အနုပညာလက်ရာ

ဆက်လက်၍ ''ပြည်ပမှာတော့ အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ အာဆီယံနိုင်ငံများမှာလည်း မြန်မာ့ရွှေချည်ထိုး ပညာရပ်များကို ပို့ချပေးခဲ့ပါတယ်။ ၁၉၉၆ခုနှစ်က တောင်အာဖရိကနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ကုန်စည်ပြပွဲမှာလည်း မြန်မာ့ရွှေချည်ထိုး အနုပညာလက်ရာပစ္စည်းများကို သွားရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကားချပ်ကတော့ နှစ်ပေါင်း ၁၀၀ကျော်က ဆင်ခင်း၊ မြင်းခင်းသဘင်ကို သရုပ်ဖော်ထားတဲ့ ပိုးပန်းချီဖြစ်ပါတယ်။ နိုင်ငံခြားသားတစ်ဦးဆီက ပြန်ဝယ်ယူခဲ့ရတာပါ။ ဒါကတော့ နှစ်ပေါင်း ၈၀ခန့်က နန်းတွင်းမှာချိတ်ဆွဲထားတဲ့ နန်းတွင်း အဆင်အယင်တစ်ခုဖြစ်တဲ့ သက္ကလပ် ရွှေချည်ထိုးကားချပ် ဖြစ်ပါတယ်။ နှစ်ပေါင်း ၁၀၀ကျော်ခန့်က (၉×၅)ပေရှိတဲ့ ဗုဒ္ဓဝင် ရွှေချည်ထိုး ကားချပ်များလည်း ရှိပါတယ်။ ဒီကားချပ်ကတော့ နှစ်ပေါင်း ၁၀၀ကျော်ခန့်က သဘာဝ သစ်ဥ၊ သစ်ဖုများနဲ့ ရေးဆွဲထားတဲ့ ဗုဒ္ဓသတ္တဌာန သီတင်းသုံးတော်မူပုံပါ ရေးဆွဲသူနာမည်လည်း ပါပါတယ်။ ဆရာချစ်၏ တန်ဖိုးငွေ ၂ကျပ်၊ ၁၂၀၄ခု ကဆုန်လဆန်း ၁၁ရက်တွင် ပြီးစီးကြောင်း မှတ်တမ်းပါပါတယ်။ ဒါကတော့ ရှေးခေတ် ကျေးလက်သုံး ပစ္စည်းတစ်ခုပါ။

မြန်မာ့ရွှေချည်ထိုး လက်ရာ အချို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

ပြသနိုင်ခဲ့ပါတယ်'' ဟု ရှင်းလင်းပြောကြားပါသည်။

စာရေးသူတို့သည် ဆရာဦးစိန်မြင့်၏ ရွှေချည်ထိုး အနုပညာလက်ရာ ပစ္စည်း အရောင်းဆိုင်အတွင်းရှိ ရွှေချည်ထိုး လက်ရာများကို နတ်ကရာကျီးမော့ လေ့လာငေးမောကြည့်နေရာမှ ဆိုင်နှင့်ကပ်လျက်ရှိ ဆရာဦးစိန်မြင့်၏ မြန်မာ့ရွှေချည်ထိုး အနုပညာ ပြတိုက်သို့လည်း တစ်ပါတည်း ဝင်ရောက် လေ့လာခဲ့သည်။

ကျေးလက်ပစ္စည်း

ပြတိုက်အတွင်း နှစ်ပေါင်းရာချီသော မြန်မာ့ရိုးရာ ရွှေချည်ထိုး ကားချပ်များ၊ ပိုးစဖြင့်ဆွဲထားသော ပန်းချီကားချပ်များ၊ ရှေးမြန်မာတို့၏ ကျေးလက် ပစ္စည်းအသုံးအဆောင်များကို လေ့လာတွေ့ရှိရသည်။

ဆရာဦးစိန်မြင့်၏ သမီးဖြစ်သူက ''ဒီပြတိုက်ကို ၁၉၉၁ခုနှစ်ကတည်းက ရှေးဟောင်းရွှေချည်ထိုး ကားချပ်များ ဝယ်ယူစုဆောင်းပြီး ဖွင့်လှစ်ပြသ ထူးခြားမှုကတော့ တံစဉ်လက်ကိုင်မှာ မြွေပါရုပ် ထည့်ထားပါတယ်။ မြွေ အန္တရာယ် ကာကွယ်တယ်ဆိုပြီး ယူဆ ထုလုပ်ခြင်း ဖြစ်ပါတယ်။''

ပြန်လည်မြင်ယောင်

ဆရာဦးစိန်မြင့်၏ ပြတိုက်မှာ ငယ်ပင်ငယ်ငြားသော်လည်း လေ့လာဖွယ်ရာများက ကုန်နိုင်ဖွယ်ရာမရှိချေ။ ကျွန်တော်သည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုနေခိုက်မှာပင် ရွှေချည်ထိုး ကားချပ်များ၏ တစ်ဖက်နောက်ကွယ်ရှိ ရှေးအတီတေ ကာလကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအပြည့်ဖြင့် နေထိုင်လာခဲ့ကြသည့် မြန်မာတို့၏ ဘုန်းမီးနေလ တောက်ပမှုမြင်ကွင်းကို ပြန်လည်မြင်ယောင်မိရင်း ဇာတိပုည ဂုဏ်မာနကြောင့် ကြက်သီးမွေးညင်းများပင် ထခဲ့ရပါကြောင်းဖြင့် တင်ပြလိုက်ရပေသည်။ ။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်း သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၈

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၂ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့၊ မင်းတပ်မြို့နှင့် အမ်းမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**နိုဝင်ဘာ ၂၉ရက်ညနေအထိ ခန့်မှန်းချက်မှာ**</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ အများအားဖြင့် သာယာမည်။

(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၈

၁၉၅၅-၁၉၇၀ ခုနှစ်အတွင်း စိန့်ဂျွန်းဒိုင်အိုစီစင် အမျိုးအစားကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းနေဖက် သူငယ်ချင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၅ရက် (စနေနေ့) နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ကိုသိန်းရွှေ ဖုန်း-၆၅၁၂၉၁၊ ကို Frank မြင့်သိန်း၊ ဖုန်း-၇၂၂၄၄၇၊ ကိုအောင်ခိုင် ဖုန်း-၂၁၂၁၃၆၊ ကိုသန်းမြင့် ဖုန်း-၅၁၉၃၄၅၊ ကို G ပိကျော် ဖုန်း-၆၄၁၇၆၇၊ ကိုဇော်ထူး ဖုန်း-၅၁၁၄၆၄နှင့် ကိုတင်မောင်ဝင်း ဖုန်း-၅၀၉၀၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်...

၂၀...

၇:၀၀

၇:၂၅

၇:၃၀

၇:၄၀

၇:၅၀

၈:၀၀

၈:၀၅

၈:၁၀

၈:၃၀

၈:၃၅

ယခုအပတ်ထုတ် ဖလားဝါးနယူး...

ရန်ကုန် နိုဝင်ဘာ ၂...

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ...
စည်ပင်နယ်နိမိတ်အတွင်း ဌာနဆိုင်ရာဆိုင်ကယ်စီးနင်း...
နှင့်အတူ နိုင်ငံတော်၏ အရေးပါသောအနေအထားရှိ...
နိုင်သည်ကိုသိစေလို၍ ကိုကိုးကျွန်းလေ့လာခရီးစဉ်ကို...
တိုးတက်ရာ ရန်ကုန်၊ ပုဂံ၊ အင်းလေးရှိဟိုတယ်မျာ...
လာရောက်သုတေသနပြု၊ ရုပ်ရှင်ရုံများတွင် နှာစေး...
မရောင်း၊ မြန်မာ့ရိုးရာ ရွှေပြည်နန်းသနပ်ခါး ဖိလစ်ပိုင်...
ယခုနှစ်ခရီးသွားရာသီအတွက် ဧည့်လမ်းညွှန်များလိုအ...
သတင်းများ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီ...
Myanmar Channel၊ ဆရာသာဉာဏ်ရေးသော ပင်...
ကျောက်ဂူများအတွင်းမှ အဖိုးတန်ရတနာ၄ က်က...
ပွေးနှိမ်နင်းရေးအဖြေရှာ Myanmar DISCOVERY...
ထံပေးစာ မီးအန္တရာယ် သတိဖြင့် ကြိုတင်ကာကွ...
သတိပြုစရာ၊ ထီးပြင်သမား ကိုမျိုးအောင်၏ သူ့ဘဝ...
မသန်ပေမယ့် လက်နှစ်ဖက်ရှိသေးတယ် ကြိုးစား...
ဘဝတိုးတက်မှုအရေးပါ စာများများဖတ်ကြပါကဲ့သို့...
ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာ...

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေး...
ဆောင်ရွက်ခဲ့ပါတယ် ကုလသမဂ္ဂ လက်ထောက်...
ကက်သရင်းဘရက်နှင့် STRAITS TIMES သတ...
နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန်...
ခရီးစဉ်အတွက် လိုက်လျောမှုနှစ်ခုပြုခဲ့ရ၊ ကမ္ဘာ့စီးပွား...
ဦးဆောင်နေသော်လည်း အလုပ်လက်မဲ့နှုန်းက စိုးရိမ်ဖွယ်...
ခေါင်းဆောင် အငြိမ်းစားဗိုလ်ချုပ်ကြီးဆွန်သီ ထိုင်းပါ...
အင်ဒိုနီးရှားတွင် အကြမ်းဖက်အဖွဲ့သစ်များ မှုလို...
ကန္တာရလွင်ပြင်ထဲတွင် ကျောက်တုံးများ အလိုအလျော...
ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်...
ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Med...
လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

စက်ရေတွင်းပြုပြ...

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂...
ကျေးလက်ရေပေးရေး (ပြင်ထိန်း) လုပ်ငန်းဖြစ်သော...
စက်ရေတွင်း ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့...
ဒေါ်စုစုလင်း အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ က...

(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၈

၁၉၅၅-၁၉၇၀ ခုနှစ်အတွင်း စိန့်ဂျွန်းဒိုင်အိုစီစင် အမျိုးအစား ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းနေဖက် သူငယ်ချင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၅ရက် (စနေနေ့) နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပ မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ကိုသိန်းရွှေ ဖုန်း-၆၅၁၂၉၁၊ ကို Frank မြင့်သိန်း၊ ဖုန်း-၇၂၂၄၄၇၊ ကိုအောင်ခိုင် ဖုန်း-၂၁၂၁၃၆၊ ကိုသန်းမြင့် ဖုန်း-၅၁၉၃၄၅၊ ကို G ပိကျော် ဖုန်း-၆၄၁၇၆၇၊ ကိုဇော်ထူး ဖုန်း-၅၁၁၄၆၄နှင့် ကိုတင်မောင်ဝင်း ဖုန်း-၅၀၉၀၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	**အောင်တော်မူ** (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဖိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	တေးဂီတအစီအစဉ်
၈:၂၀	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၃၀	၉။	International News
၈:၃၅	၁၀။	Crossroads Cafe (Episode-10) (Let the Buyer Beware)
	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၅၀)
၁၂:၃၀	၅။	Golf Magazine(TV)
၁၂:၅၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **စူးနင့်နက်နဲစွာ** လူမင်း၊ မျိုးသန္တာထွန်း၊ လင်းလက် (ဒါရိုက်တာ-သီဟတင်သန်း)
၁၄:၃၀	၇။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄:၄၀	၈။	အတီးပြိုင်ပွဲ
၁၄:၅၅	၉။	International News

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၀	၃။	**ပျော်ရွှင်ကျန်းမာ သန့်စင်သော အစာ**
၄:၂၅	၄။	တေးဂီတအစီအစဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	စွမ်းအားပြည့် ထုတ်လုပ်ထားပလတ်စတစ်ထုတ်ကုန်များ
၅:၁၀	၈။	တေးဂီတအစီအစဉ်
၅:၂၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	တစ်မျက်နှာ၊ တစ်ကွက်စာ **ပန်းပျိုးတဲ့လက်** စိုးရန်အောင်၊ ကေကေမိုးမြင့် ရတနာခိုင် (ဒါရိုက်တာ-ဒီအေးလွင်)
၆:၄၀	၁၃။	ရုပ်မြင်ရသ တေးစုကဏ္ဍ
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၆)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၆၄)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၆)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅)၊ အမှတ် (၄၆)၌ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ဌာနဆိုင်ရာဆိုင်ကယ်စီးနင်းခွင့် လုံးဝပိတ်ပြီး အထူးသတင်းနှင့်အတူ နိုင်ငံတော်၏ အရေးပါသောအနေအထားရှိကြောင်းနှင့် ကူးသန်းသွားလာနိုင်သည်ကိုသိစေလို၍ ကိုကိုးကျွန်းလေ့လာခရီးစဉ်ကိုစီစဉ်ခဲ့၊ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ရာ ရန်ကုန်၊ ပုဂံ၊ အင်းလေးရှိဟိုတယ်များကို ဂျပန်တက္ကသိုလ်တစ်ခုမှ လာရောက်သုတေသနပြု၊ ရုပ်ရှင်ရုံများတွင် နှာစေးချောင်းဆိုသူများကို လက်မှတ်မရောင်း၊ မြန်မာ့ရိုးရာ ရွှေပြည်နန်းသနပ်ခါး ဖိလစ်ပိုင်ပရိသတ်က ချီးမြှင့်သည့်ဆုရ၊ ယခုနှစ်ခရီးသွားရာသီအတွက် ဧည့်လမ်းညွှန်များလိုအပ်နေ စသည့် ပြည်တွင်းရေးရာသတင်းများ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီး တည်ထောင်ဖွဲ့စည်းခဲ့စဉ်က Myanmar Channel၊ ဆရာသာဉာဏ်ရေးသော ပင်လယ်တွင်းရှိ ကျောက်ဆောင်ကျောက်ဂူများအတွင်းမှ အဖိုးတန်ရတနာငှက်ကလေးများ၊ ရော်ဘာပင်ဖျက်ပွေးနှိမ်နင်းရေးအဖြေရှာ Myanmar DISCOVERY၊ သစ္စာမောင်၏ အယ်ဒီတာ့ထံပေးစာ မီးအန္တရာယ် သတိဖြင့် ကြိုတင်ကာကွယ်၊ ဖုန်းအသုံးပြုသောအခါ သတိပြုစရာ၊ ထီးပြင်သမား ကိုမျိုးအောင်၏ သူ့ဘဝ သူ့ဒဿန ခြေထောက်နှစ်ဖက်မသန်ပေမယ့် လက်နှစ်ဖက်ရှိသေးတယ် ကြိုးစားအသက်ရှင် ရပ်တည်ရမှာပဲ၊ ဘဝတိုးတက်မှုအရေးပါ စာများများဖတ်ကြပါကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအဖွဲ့ဟာ အမြဲတမ်း ကြားနေဆောင်ရွက်ခဲ့ပါတယ် ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်ကက်သရင်းဘရက်နှင့် STRAITS TIMES သတင်းစာတို့တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန်သမ္မတ အိုဘားမားက တရုတ်ခရီးစဉ်အတွက် လိုက်လျောမှုနှစ်ခုပြုခဲ့ရ၊ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူမှု အာရှဦးဆောင်နေသော်လည်း အလုပ်လက်မဲ့နှုန်းက စိုးရိမ်ဖွယ်မြင့်တက်နေဆဲ၊ အာဏာသိမ်းခေါင်းဆောင် အငြိမ်းစားဗိုလ်ချုပ်ကြီးဆွန်သီ ထိုင်းပါတီသစ်၏ ဦးဆောင်သူဖြစ်လာ၊ အင်ဒိုနီးရှားတွင် အကြမ်းဖက်အဖွဲ့သစ်များ မှိုလိုပေါက်နေ၊ ကယ်လီဖိုးနီးယားကန္တာရလွင်ပြင်ထဲတွင် ကျောက်တုံးများ အလိုအလျောက်ရွေ့လျား စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

ကနီမြို့နယ် တုံကင်တွင်း တူးဖော်

ကနီ နိုဝင်ဘာ ၂၈

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော မွန်ပြားချောင်ကျေးရွာ လက်နှိပ် တုံကင်တွင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင့်လွင်ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

စက်ရေတွင်းပြုပြင်

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး (ပြင်ထိန်း) လုပ်ငန်းဖြစ်သော စကျင်ကျေးရွာ နှစ်ပေ စက်ရေတွင်း ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒေါ်စုစုလင်း အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

✻ ရှေ့ဖုံးမှ

အိုးမကွာအိမ်မကွာ

ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရာတွင် ကျေးလက်နှင့်မြို့ပြ ပညာသင်ယူမှု အခွင့်အလမ်း အညီအမျှ ဖြစ်ထွန်းရေးအတွက် နယ်စပ်ဒေသ အစွန်အဖျားများအပါအဝင် နိုင်ငံတစ်ဝန်း၌ အခြေခံပညာကျောင်းများသာမကဘဲ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်များကို တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသအလိုက် အဆင့်မြင့်ပညာရပ်များကိုပါ အိုးမကွာအိမ်မကွာ လက်လှမ်းတမီ ဆည်းပူးနိုင်ကြပေပြီ။

ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့၏ ကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်၏ ပင်မစာသင်ဆောင်ကို ၂၀၀၇ခုနှစ် ဩဂုတ် ၅ရက်က ဖွင့်လှစ်ပေးခဲ့သည်။ လွိုင်ကော်တက္ကသိုလ် ပင်မဆောင်သည် ရှေ့မျက်နှာစာ အလျားပေ ၄၀၀၊ အနံ ၂၈၃ပေ၊ အမြင့် ၄၁ပေရှိသည့် သုံးထပ်အဆောက်အအုံဖြစ်သည်။

တည်ဆောက်ထား

ပင်မဆောင်ကြီး၌ စာသင်ခန်းများအပြင် ပါရဂူဘွဲ့နှင့် မဟာသုတေသနကျမ်းစာအုပ်ပြခန်း၊ Computer Training Centre, e-library၊ ရူပဗေဒလက်တွေ့သုံးနှင့် Language Lab တို့ကိုပါ ထည့်သွင်းတည်ဆောက်ခဲ့သည်။

လေ့လာဆည်းပူး

ကယားပြည်နယ်တွင် လွိုင်ကော်တက္ကသိုလ် ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများမှာ မိဘရင်ခွင်မှ မခွဲခွာရဘဲ အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ ဆည်းပူးသင်ယူနိုင်ကြကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဗေဒင်တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နယ်စပ်ဒေသရှိ တိုင်းရင်းသူလေး များ အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားတတ်မြောက်ကာ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်၍ စားဝတ် နေရေး အဆင်ပြေပြီး လူနေမှုအဆင့်တန်း မြင့်မားလာစေရန် ရည်ရွယ်ချက်ကောင်း များဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သည်လည်း နိုင်ငံတော်၏ စေတနာ အလှတရား တစ်ခုပင်ဖြစ်။

● ကျောဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ နိုဝင်ဘာ ၉ရက်က သွားရောက်လေ့လာခဲ့သည်။ သတင်းအဖွဲ့နှင့်အတူ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးလှမြင့်တို့ လိုက်ပါလာကြသည်။ အဆိုပါ သင်တန်းကျောင်းသည် ပုလဲမြို့ မြောက်ပိုင်းရပ်ကွက် မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းဘေးတွင် တည်ရှိသည်။ ၄ဒသမ ၆၀မြေဧက အကျယ်အဝန်းရှိပြီး အဆောက်အအုံ ငါးခု တည်ဆောက်ထားသည်။ နည်းပြဆောင်၊ စာသင်ခန်းမဆောင်၊ အိပ်ဆောင်၊ စားရိပ်သာနှင့် မီးဖိုချောင်တို့ဖြစ်သည်။ ကျယ်ဝန်းသော မြေကွက်ကြီးဖြစ်၍ အဆောက်အအုံများ၏ ဘေးပတ်ပတ်လည်တွင် အရိပ်ရနှစ်ရှည်ပင်များ၊ ပန်းအလှပင်များ၊ ရာသီသီးနှံပင်များကို သပ်ရပ်လှပစွာ စနစ်တကျ စိုက်ပျိုးထားခြင်းနှင့် စာသင်ဆောင်၊ နည်းပြဆောင်တို့ကိုလည်း ဆေးသုတ်ခြယ်သထား၍ တောက်ပြောင် လှပနေသည်ကို တွေ့ခဲ့ရသည်။

နည်းပြခန်းမဆောင်အတွင်း ဝင်ရောက်လေ့လာရာ သင်တန်းသူအမျိုးသမီးများ အပ်ချုပ်စက်ကိုယ်စီဖြင့် ချုပ်လုပ်နေကြခြင်းနှင့် ကြိမ်၊ ဝါးတို့ဖြင့် အိမ်တွင်းအသုံးအဆောင်ပစ္စည်းများ ကိုယ်စီပြုလုပ်နေကြသည်ကို တွေ့မြင်ရသည်။ သင်တန်းကျောင်းအုပ်ကြီး ဒေါ်နန်းသန္တာအောင်အား အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့် တိုးတက်အောင်မြင်မှုတို့ကို မေးမြန်းရာ "ရည်ရွယ်ချက် (၅)ရပ်ဖြင့် သင်တန်းကျောင်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ (က) နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် သက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ (ခ) ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ (ဂ) အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများဖြစ်လာစေရန်၊ (ဃ) တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်၊ (င) ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်တို့ပင် ဖြစ်ကြောင်း၊ ချင်းတွင်းမြစ်အနောက်ဘက် ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသူ အမျိုးသမီးငယ်များ၏ စားဝတ်နေရေး လိုအပ်ချက်များနှင့် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ပါကြောင်း" ဖြင့် ရှင်းလင်း ပြောကြားသွားသည်။ သင်တန်းကျောင်းကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုထိသင်တန်း (၁၁)ကြိမ် ဖွင့်လှစ်ပြီးမြောက်ခဲ့ပြီး ယခု (၁၂)ကြိမ်မြောက် သင်တန်းဖြစ်သည်ဟု သိရသည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ကြာမြင့်ပြီး သင်တန်း တစ်ကြိမ်လျှင် သင်တန်းသူဦးရေ ၅၀ စံနှုန်းသတ်မှတ်၍ သင်ကြားပေးခဲ့ရာ သင်တန်းသူ ၅၁၈ဦး သင်တန်းတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည်။ သင်တန်းသုံးမျိုးရှိ၍ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အိမ်တွင်းလက်မှု

"မြန်မာ့ရိုးရာ အိမ်တွင်းမှု အတတ်ပညာ တစ်ခုဖြစ်လို့ ကြိုးကြိုးစားစား သင်ယူနေပါတယ်"

မစိုးစန္ဒီအောင်(ကောလင်းမြို့) အိမ်တွင်းလက်မှု(ကြိမ်/ဝါး) သင်တန်းသူ။

(ကြိမ်/ဝါး) လုပ်ငန်းတို့ဖြစ်သည်။ မြန်မာ၊ ချင်း၊ ကဒူး လူမျိုးများပါဝင်ကာ ရေဦး၊ တမူး၊ ကလေး၊ ကောလင်း၊ ဝန်းသို၊ ရွှေဘို၊ ကလေးဝ၊ ကျွန်းလှ၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ဘုတလင်၊ ခင်ဦးမြို့များမှ လာရောက် သင်တန်းတက်ကြသည်ဟု သိရှိရသည်။ စစ်ကိုင်းတိုင်းအတွင်း အိမ်တွင်းမှု သင်တန်းကျောင်း ရှစ်ကျောင်း ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

အဆင့်မြင့်စက်ချုပ်သင်တန်းတက်ရောက်နေသူ ကသာမြို့မှ မခင်မြင့်လွင်က "သင်တန်းပြီးရင် ကောလင်းပြန်ပြီး အပ်ချုပ်ဆိုင် ဖွင့်ပါမယ်၊ စက်ချုပ် ပညာသင်ချင်တဲ့ သူတွေကိုလည်း ပြန်ပြီးသင်ပေးမယ်၊ ဒီပညာက သမီးတို့လို အမျိုးသမီးတိုင်း တတ်ထားသင့်တဲ့ ပညာတစ်ရပ်ပါပဲ။ သမီးတတ်ထားတဲ့ ပညာနဲ့ အိမ်စီးပွားရေးကို အထောက်အကူပြုသလို နိုင်ငံတော်ကိုလည်း အလုပ်အကျွေးပြုမှာပါ" ဟု ရယ်မောပြုံးရွှင်စွာ ပြောကြားသည်။

"စက်ချုပ်ပညာ သင်ချင်တဲ့ သူတွေကို ပြန်ပြီး သင်ပေးမယ်"

မခင်မြင့်လွင်(ကသာမြို့) အဆင့်မြင့်စက်ချုပ်သင်တန်းသူ။

အိမ်တွင်းလက်မှု (ကြိမ်/ဝါး) သင်တန်းတက်ရောက်နေသူ ကောလင်းမြို့မှ မစိုးစန္ဒီအောင်က "သမီးတို့ဒေသမှာ ဝါးပေါပါတယ်။ ဒီဝါးတွေနဲ့ အိမ်အသုံးအဆောင် ရက်လုပ်ရင် အဆင်ပြေမယ်၊ စီးပွားလဲဖြစ်မယ်၊ မြန်မာ့ရိုးရာ အိမ်တွင်းမှုအတတ်ပညာ တစ်ခုဖြစ်လို့ ကြိုးကြိုးစားစား သင်ယူနေပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

"အိမ်တွင်းမှု အတတ်ပညာများ ပိုမိုထွန်းကား ပြန့်ပွားလာစေရန် ရည်ရွယ်ပါတယ်"

ဒေါ်နန်းသန္တာအောင် ကျောင်းအုပ်ကြီး။

နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ အိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားတတ်မြောက်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်၍ စားဝတ်နေရေး အဆင်ပြေပြီး လူနေမှုအဆင့်တန်း မြင့်မားလာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသည်လည်း နိုင်ငံတော်၏ စေတနာအလှတရား တစ်ခုပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အိမ်တွင်းလက်မှု (ကြိမ်/ဝါး) သင်တန်းတွင် အိမ်အသုံးအဆောင်ပစ္စည်းများအား ကြိမ်၊ ဝါးများဖြင့် ပြုလုပ်ခြင်းကို သင်တန်းဆရာမက ကြီးကြပ်ပေးစဉ်။ (မြန်မာ့အလင်း)

သဇင်နှင်းစို လစာဆို

တင်ထွဋ်
(အစိုးရတိုင်းရင်းဆေး)

နတ်တော်လသည် ဟေမန္တဆောင်းရာသီသို့ပင် ရောက်စကာလဖြစ်၍ နံနက်ခင်းတွင် ဆီးနှင်းများဖြင့် နေရာအနှံ့ မှိုင်းဝေရီမှောင်လျက်ရှိပြီး မိုးရာသီ ကုန်ဆုံးခဲ့သော်လည်း ကောင်းကင်တစ်ခိုဝယ် တိမ်တိုက်များဆင်ကာ မိုးသားများ မငြိမ်မသက် လှုပ်ရှားနေသည်ကို အကြောင်းပြု၍ **"နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်"** ဟု ရှေးမြန်မာ တောင်သူလယ်သမားကြီးများက မိုးလက္ခဏာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

နတ်တော်လကို ရာသီတစ်ဆယ့်နှစ်ပါးတွင် ဓနုရာသီဟုခေါ်ဆိုပြီး ဓနု၏ အဓိပ္ပာယ်မှာ လေးဖြစ်၍ ရာသီရုပ်မှာ လေးကိုင်စွဲသော လူယောကျ်ားပုံပင် ဖြစ်သည်။ နတ်တော်လ၏ ရာသီပန်းများမှာ ဂမုန်းပန်းနှင့် သဇင်ပန်းတို့ ဖြစ်သည်။ သဇင်ဟူသည် မြေကြီးပေါ်တွင် ပေါက်သောပန်းမဟုတ်။ စိမ့်ကြီးမြိုင်ကြီး တောတောင်တို့တွင် နေရောင်မခံ ပွင့်အားသန်သည့် ပန်းပျံ ပင်ဆင့်ဖြစ်သဖြင့် **"တော်ဝင်နန်းထိုက်၊ ပန်းမကိုဋ်"** ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ သဇင်ပန်းမှာ တောတွင်း၌ ပေါက်ရောက်ပွင့်လန်းသော်လည်း အဖူးအငုံကလေးများ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရွှေနန်းတော်သို့ ရွှေသိုင်း၊ ရွှေကျိုင်းများဖြင့် ကြီးကျယ်သော ဝင်းခင်းကာ ယူငင်လျက် ဘုရင်မင်းမြတ်ထံသို့ ဆက်သကြရသည်ကို အကြောင်းပြု၍ စာဆိုတော် ရှင်ဥတ္တမကျော်၏ တောလားတွင် **"ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဓေယုက၊ သမ္မုတိမှန်၊ ကေသာနှံ့သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မြင့်ဘောင်၊ ရန့်လှောင်ခဲ့"** ဟုလည်းကောင်း၊ သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့ ပန်ဆင် အသုံးပြုပြီးမှသာ အများပြည်သူတို့ ဆွတ်ယူပန်ဆင်ကြရသည်ကို အကြောင်းပြု၍ ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင် **"စုံမြိုင်ရင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရန့်ဖုံးသား၊ ပတ်ကုန်းဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်၍၊ နှင်းသောက်ရှင်ရှင်၊ ဖူးတံဆင်သည်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဝင့်သို့၊ လှတင့်စိမ်းထွေး၊ နတ်ပန်းမွှေးကို၊ မနေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့၊ ဖူးငုံပေါ်စ၊ တင်ဆက်သသည့်၊ နောက်မှပြည်သူ၊ သုံးယူပန်ဆင်"** ဟုလည်းကောင်း အသီးသီး စပ်ဆိုရေးဖွဲ့ခဲ့ကြပေသည်။

နတ်တော်လဟူသော ဝေါဟာရတွင် **"နတ်"** ဟူသည် နာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်ပြီး အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟု ဆိုလို၍ **"တော်"** ဟူသော ပေါရာဏစကားမှာ အရှင်သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူဟု အဓိပ္ပာယ်ရသည်။ မြန်မာစာပေတွင် ရတနာသုံးပါးနှင့် သော်လည်းကောင်း၊ မင်း၊ မိဖုရားများနှင့် သော်လည်းကောင်း ဆက်နွယ်သည့်အခါ **"တော်"**ကို သုံးလေ့ရှိသည့်အတွက် နတ်တော်လဟူသည် အရှင်နတ်မင်းများအား ပူဇော်သောလဟု ဆိုလိုပေသည်။ နတ်တော်လကို ဝေါဟာရ လီနတ္ထဒီပနီကျမ်းတွင် အရှင်နတ်မင်းလ၊ အရှင်နတ်မင်းများကို ပူဇော်သောလ၊ အလွန်ချမ်းအေးသောကြောင့် ခန္ဓာကိုယ် ကွေးနေရသောလဟု လည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် မဟာဂီရိနတ်မောင်နှမတို့ကို ရှေးကပူဇော်ပသသောလဟု လည်းကောင်း၊ အချို့ပညာရှင်များက နတ်များ ပျော်ပါးမြူးထူးသောလဟု လည်းကောင်း အသီးသီး အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ဤနတ်တော်မာသ အခါသမယတွင် ရှေးယခင် မြန်မာဘုရင်များသည် နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများကို ကျင်းပလေ့ရှိကြသည့်အပြင် ပညာရှင်များ၊ မင်းညီမင်းသားများ၊ မှူးမတ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများကို အခမ်းအနားဖြင့် ချီးမြှင့်လေ့ရှိခဲ့ကြသည်။ ဤသည်ကို အကြောင်းပြု၍ ဒုတိယ အင်းဝခေတ် စာဆိုတော် ဦးအောင်ကြီးက အင်းဝမြို့ဘွဲ့၊ ဆယ့်နှစ်ရာသီ လူးတားတွင် **"သာစွလေ ။ ။ မှိုင်းဝေပြာရီ၊ မိဂသီနှင့်အညီ ပြည့်လ၊ ရံဝန်းပလျက်၊ ချမ်းမြေ့ရတု၊ ဓနုရာသီ၊ အညီမွှမ်းဖြင် ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်၊ တိမ်ညင်တွဲအောက်၊ သွင်းရောက်ပြွမ်းပြွမ်း၊ ကျူးလုံးမွှမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်ပါးရွှင်သည်၊ မြေပင်ထိန့်ရိုက် မွှန်းတည့်လေ"**ဟူ၍ ရေးဖွဲ့စပ်ဆိုခဲ့သည်။ မြန်မာ့ရိုးရာ တစ်ဆယ့်နှစ်လအနက် နတ်တော်လနှင့် စပ်ဆိုင်သောပွဲတော်များမှာ ရှေးခေတ်က နတ်ပွဲဖြစ်ပြီး ယခုခေတ်တွင် နိုင်ငံ အကျိုးပြုစာပေများကို ရေးသားပြုစုခဲ့ကြသော စာဆိုပညာရှင်ကြီးများအား ချီးမြှင့်ပူဇော်ဂုဏ်ပြုသည့် စာဆိုတော်ပွဲများကို ကျင်းပလျက်ရှိကာ နတ်တော်လကိုလည်း စာဆိုတော်လအဖြစ် အသိအမှတ်ပြုထားကြသည်။ ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပေသည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို နှစ်စဉ် ကျင်းပလျက်ရှိပေသည်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် စာပေဗိမာန်မှ ကြီးမှူး၍ စာပေဗိမာန် စာမူဆုများကို နှစ်စဉ် ချီးမြှင့်ခဲ့သည့်ပြင် နိုင်ငံတော်မှ စာပေဆုများအဖြစ် အမျိုးသားစာပေဆုများ၊ တစ်သက်တာစာပေဆုများ စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိသည်မှာ ကောင်းမွန်သော အစဉ်အလာတစ်ရပ် ဖြစ်ပေသည်။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ ဖြစ်သည်သာမက ယဉ်ကျေးမှုအနုပညာ၏ အသက်သွေးခဲဖြစ်ပြီး အသိအလိမ္မာ၊ ဉာဏ်ပညာ ထွန်းကားရေးအတွက်လည်း အထောက်အကူပြုသည့် မီးရှူးတန်ဆောင်လည်း ဖြစ်ပေသည်။ ယင်းသို့သော မီးရှူးတန်ဆောင်ဖြစ်သည့် စာပေများကို ရှေးရှေးသော ကျမ်းပြုအကျော်ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်ကြီးများအနေဖြင့် ရေးသားလမ်းညွှန်ခဲ့ကြသည့်အတွက် ယဉ်ကျေးမှု အမွေအနှစ်များ ခေတ်အဆက်ဆက် ထွန်းကားပြန့်ပွားခဲ့ခြင်း ဖြစ်သည်။ သာဓကအားဖြင့် ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ခေတ်အဆက်ဆက်တို့မှ အတွေးအခေါ်ကိစ္စ၊ အလိမ္မာကိစ္စတို့ကို ပေထက်တွင်ရေးခြစ်၍လည်းကောင်း၊ ကျောက်ထက်တွင် ထွင်း၍လည်းကောင်း၊ စာရွက်ပေါ်တွင်ပုံနှိပ်၍လည်းကောင်း၊ စကားပြေ၊ ကဗျာစသည့် အရေးအဖွဲ့များဖြင့် ကြွယ်ဝစွာပြုစုခဲ့ကြသော စာပေများကို လေ့လာမှီငြမ်း မှတ်သားတွေ့ရှိရမည်ဖြစ်သည်။

မျိုးချစ်စိတ် ရှင်သန်ရေး၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်စေရေး၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ကြရေးတို့အတွက် စာပေများကို ရေးသားလမ်းညွှန်ခဲ့ကြသည့် ရှေးရှေးသော ကျမ်းပြုအကျော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို ဤနတ်တော်လ စာဆိုရာသီတွင် အမှတ်ရဖွယ် ဖြစ်တော့သည်။ သာဓကအားဖြင့် အကျဉ်းတင်ပြရမည်ဆိုပါက ပုဂံခေတ် စာဆိုတော်ကြီး အနန္တသူရိယ အမတ်ကြီး၏ "သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ… " အစချီ သံဝေဂကဗျာသည် လည်းကောင်း၊ ပင်းယ နေပြည်တော်တွင် ထင်ပေါ်ကျော်ကြားသည့် စတုရင်္ဂဗလ အမတ်ကြီး ရေးသားပြုစုသွားသော ကျမ်းစာများအနက် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ သံသရာရေးမှအစ အချက်ကျကျ လမ်းညွှန်ပြထားသော လောကနီတိကျမ်းသည် လည်းကောင်း လူသိများ၊ လူသုံးများကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထိုနည်းတူ မြန်မာစကားပြေတွင် အစောဆုံးသော ပါရာယနဝတ္ထုနှင့် မြန်မာရာဇဝင်တွင် အစောဆုံးသော ရာဇဝင်ကျော်များကို ရေးသားလျက် စာပေမျက်လုံးကို ဖွင့်ပေးတော်မူခဲ့ကြသော မြန်မာစာပေနယ်တွင် ပေလေးပင်၊ ရှင်လေးပါးအဖြစ် ဂုဏ်ပြုခေါ်ဆိုခြင်းခံကြရသည့် စာဆိုပုဂ္ဂိုလ်ကြီးလေးဦးသည်လည်း ပါဝင်ပါသည်။ အင်းဝခေတ်ရဟန်းစာဆို ရှင်မဟာသီလဝံသ၏ ဆုံးမစာများ၊ ဟတ္ထိပါလပျို့ခေါ် စတုဓမ္မသာရပျို့ခေါ် ကိုးခန်းပျို့ အပါအဝင် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ရတုစသည့် ဖွဲ့ဆိုမှုများကို ဂုဏ်ရသမြောက်စွာ စပ်ဆိုခဲ့သည့် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမများ၊ ဗုဒ္ဓဘာသာဝင်များ သီလခံယူဆောက်တည်ရာတွင် ရွတ်ဆိုလျက်ရှိကြသော **"အဟံ ဘန္တေ"** သီလတောင်းဆိုရိုးကို ရေးသားချီးမြှင့်ခဲ့သော ပျို့၊ ကဗျာ၊ မေတ္တာစာ၊ ဆုံးမစာ အမျိုးမျိုးကို ရေးသားတော်မူခဲ့သည့် တောင်ဖီလာဆရာတော်၊ စာပေလောကတွင် (ဗုဓ်စ၊ ဗုဓ်လယ်။ ဗုဓ်ဆုံး) "မြတ်စွာဘုရားသည်အစ၊ ဗုဒ္ဓဃောသသည် အလယ်၊ ဆရာတော်ဦးဗုဓ်သည် အဆုံး" ဟု စာပေပညာ အသိဆုံး၊ အတတ်ဆုံး၊ အတော်ဆုံးဟု ယနေ့တိုင် ဆိုရိုးအသိအမှတ်ပြုလျက်ရှိသော ပါဠိ၊ နိဿယ၊ စကားပြေ၊ ကဗျာ၊ သတ်ပုံ စာမျိုးစုံတို့ကို ပြုစုသွားတော်မူခဲ့သည့် ကုန်းဘောင်ခေတ်စာဆို ဆရာတော် ဦးဗုဓ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသော ကျင့်ဝတ်များကို မှတ်သားရလွယ်ကူပြီး ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ား၊ ရဟန်းရှင်လူအားလုံး၏ နှုတ်ဖျားတွင် အလွတ်ရနေကြစေသည့် ကဗျာလေးများဖြင့် စပ်ဆိုသီကုံးခဲ့သော "သိင်္ဂါလောဝါဒဆုံးမစာ" ကို ရေးသားတော်မူခဲ့သည့် သင်္ဂဇာဆရာတော်၊ ပိဋကတ်စာပေကျမ်းဂန်များကို ဘာသာမျိုးစုံ၊ ပါရဂူမြောက် တတ်ကျွမ်းပြီး အရေး၊ အဟော၊ အကျင့် ဘက်စုံထူးချွန်၍ ကျမ်းစာပေါင်း ၆၀ ကျော်၊ ဘုရားရှိခိုး ၁၁ မျိုး၊ မောင်းထောင်းတေး၊ အံတော် သီချင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတု၊ သံချို၊ ဘုန်းကြီးပျံ ငိုချင်းမှအစ ကဗျာမျိုးစုံ၊ နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ အင်္ဂရတ်ကျမ်းများနှင့် စာပေဝါသနာပါသူတိုင်း လက်ကိုင်ထားရသော မဟာသုတကာရီ မဃဒေဝလင်္ကာကို ရေးသားပြုစုတော်မူခဲ့သည့် ဗြိတိသျှခေတ်စာဆို မန်လည်ဆရာတော်၊ ဒီပနီ၊ ကျမ်းစာအမျိုးမျိုး၊ မေတ္တာစာအမျိုးမျိုး၊ ဆုံးမစာ အမျိုးမျိုးတို့ကို ရေးသားပြုစုသွားသော ဗြိတိသျှခေတ်စာဆို လယ်တီဆရာတော်၊ အနာဂတ်သာသနာရေး၊ ဘာသာသွေး၊ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာစသည့် ကျမ်းစာအုပ်များကိုရေးသားပြီး ဘာသာ၊ သာသနာကို အခြေခံမှစတင်၍ လမ်းညွှန်မြှင့်တင်ပေးခဲ့သော လွတ်လပ်ရေးခေတ် ရဟန်းပညာရှိ မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသနှင့် မျက်မှောက်ခေတ်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ခု တစ်ပြိုင်နက် ပေါ်ထွန်းလာရေးအတွက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော အရေး၊ အဟော၊ အကျင့်တို့တွင် သူမတူအောင် စွမ်းဆောင်နိုင်တော်မူခဲ့သည့် မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော် တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ စသည့် ကျမ်းပြုအကျော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်ကြီးများ၏ ရေးသားလမ်းညွှန်ချက်များကို လေ့လာမှတ်သား၊ လိုက်နာ၊ ကျင့်ကြံကြခြင်းဖြင့် အတွေးအခေါ်မှန်ကန်၍ အသိဉာဏ်တိုးပွားပြီး နည်းလမ်းမှန်ကန်သော ဗဟုသုတများ ရရှိလာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ဖြည့်စွမ်း ကြိုးပမ်းနိုင်မည် ဖြစ်ပါသည်။

စာပေသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ် ဖြစ်သည်သာမက တိုင်းပြည်၏ဂုဏ်လည်းဖြစ်သည့်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှု ဘဝကြွယ်ဝစေရန်အတွက်လည်းကောင်း၊ မျိုးရိုးဇာတိဂုဏ်ကို ဖော်ထုတ်စုဆောင်း တင်ပြရန်အတွက် လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးဘဝဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍအသီးသီးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ စာပေကို ရေမြင့်ကြာတင့် တိုးတက်ဖွံ့ဖြိုးစေရန် မြှင့်တင်ပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ စာဆိုရှင်များ၊ စာပေလောကသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ကဏ္ဍပေါင်းစုံမှ လက်ရှိဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည့် လမ်း၊ တံတား၊ ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဆည်မြောင်း၊ တာတမံများ စသည့် လုပ်ငန်းစီမံကိန်းကြီးများ၊ စက်မှုဇုန်များ၊ လေယာဉ်ကွင်းသစ်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်း စခန်းများနှင့် စာပေဆိုင်ရာလုပ်ငန်းများဖြစ်သော စာမတတ်သူ ပပျောက်ရေးစီမံချက်များ၊ နိုင်ငံလုံးကျွတ် စာဖတ်ရှုရေး စာကြည့်တိုက် စီမံကိန်းများ၊ တစ်မိုင်ခွဲပတ်လည်အတွင်း စာသင်ကျောင်းတစ်ကျောင်းနှုန်း တည်ဆောက်ပေးရေးလုပ်ငန်းများ စသည့် အောင်မြင်မှုမှတ်တိုင် သာဓကေတို့ကို သုတရသပညာစုံတို့ဖြင့် ပြည်သူတစ်ရပ်လုံးသို့ အသိပေးရေးသားတင်ပြကြရန် လိုအပ်ပါကြောင်း၊ သဇင်သင်းပြီး နှင်းတွေဝေသည့် ဤနတ်တော်လတွင် ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်၍ နှစ်စဉ်ကျင်းပသည့် "သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ" ကို ကြိုဆို ရေးသားလိုက်ရပါသည်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၈

အလက(၄) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

သဃ်န်းကျွန်းမြို့နယ် အလက(၄)၏ မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဖုန်း-၅၆၅၂၅၂၊ ၀၉-၅၁-၁၃၈၇၁နှင့် ၀၉-၅၁-၅၁၃၄၂တို့သို့ ဆက်သွယ်နိုင်သည်။

မြောက်ဥက္ကလာပ အထက(၁) မြတ်ဆရာ ပူဇော်မည်

မြောက်ဥက္ကလာပ အထက(၁)၏ မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၉၉၃၈၉နှင့် ၂၅၂၇၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ် ဝယ်ယူနိုင်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖြန့်ချိရောင်းချထားရာ အရေးကြီးတယ်လီဖုန်းနံပါတ်များ၊ နေပြည်တော်မှ နယ်မြို့များသို့ ကားလမ်း၊ ရထားလမ်းခရီးစဉ်များပါရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် ၅၂၉/ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ အမှတ် ၈-၅၅ သပြေကုန်းဈေး နေပြည်တော်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်သည်။

ရွှေကျင်(အထက) အာစရိယပူဇော်မည်

ပဲခူးတိုင်း ရွှေကျင်မြို့နယ် အထက်တန်းကျောင်း၌ ပညာသင်ကြားပေးပြီး သက်ပြည့် အငြိမ်းစားယူခဲ့သော ဆရာ ဆရာမကြီးများအား လာမည့် ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံ၌ အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဖုန်း-၂၄၁၈၃၀၊ ၂၀၁၁၂၃၊ ၆၆၅၈၅၅နှင့် ၀၉-၅၀-၂၂၂၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အထက(၂) ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်)၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၂ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ (၁၉၄၅-၂၀၀၈) စာသင်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဖုန်း-၀၉-၅၁-၄၈၃၄၉ နှင့် ၀၉-၅၁-၃၂၇၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကက်ပီတယ်ဟိုက်ပါမားကက်၌ အီလက်ထရွန်နစ်ပြပွဲ

ရန်ကုန်မြို့ ကက်ပီတယ်ဟိုက်ပါမားကက်၌ အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို အထူးဈေးနှုန်းဖြင့် နိုဝင်ဘာ ၂၇ရက်မှစ၍ ရောင်းချလျက်ရှိရာ ဒီဇင်ဘာ ၆ရက်အထိ ခင်းကျင်းပြသထားသည်။

သက်တန်းအလိုက် ရေကူးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd.တို့ ပူးပေါင်း၍ တတိယအကြိမ် Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁-၃၄၃၁၀ နှင့် ၄၀၀၂၀၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ခင်းကျင်းပြသမည်

နည်းပညာအသစ်အဆန်းများနှင့် ထုတ်လုပ်ထားသော အီလက်ထရွန်နစ်ပစ္စည်းများကို ခေတ်နှင့်အညီ သုံးစွဲနိုင်စေရန်အတွက် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လာမည့် ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

တေးသံရှင်နှင့် အလှမယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲ

ပရီမီယာကော်ဖီနှင့် ကိုရီးယားဂျင်စင်းအားဆေးတို့က ကြီးမှူး၍ တေးသံရှင်ရွေးချယ်ပွဲနှင့် အလှမယ်ရွေးချယ်ပွဲကို နောက်ဆုံးအဆင့်အဖြစ် လာမည့်ဒီဇင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့ ကက်ပီတယ်ဟိုက်ပါမားကက်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့်သူများသည် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆-၄၁၁၆၃ နှင့် ၀၉-၈၆-၄၁၁၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တပ်မတော်(ရေ)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နတ်ဆိပ်လမ်း(ကျေးလက်)ကျောက်ချောခင်းလုပ်ငန်းဆောင်ရွက်ရာ၌ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မကွေးအသင်း လေးပွဲဆက်အနိုင်ရ ဒဲလ်တာက ခင်မင်းရဲ့ဂိုးနဲ့နိုင်ပွဲပြန်ရခဲ့

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၂၈

MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက ပဒုမ္မာကွင်းနဲ့ စလင်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ မကွေးအသင်း လေးပွဲဆက်အနိုင်ရပြီး ဒဲလ်တာယူနိုက်တက် အသင်းလည်း နိုင်ပွဲပြန်လည်ရရှိခဲ့ပါတယ်။

ပဒုမ္မာကွင်း

မကွေးအသင်း - နှစ်ဂိုး
ရတနာပုံအသင်း - ဂိုးမရှိ

ရတနာပုံအသင်းကတော့ အခုပြိုင်ပွဲမှာ ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေပြီး အခုပွဲမှာလည်း ရှုံးပွဲကြုံတွေ့ခဲ့ရပြန်တာကြောင့် ငါးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ရတနာပုံအသင်းဟာ အခုပွဲမှာ အကောင်းဆုံးမရခဲ့သလို ရှေ့တန်းကလည်း အားပျော့ခဲ့တာကြောင့် ရှုံးပွဲဆက်ခဲ့ရတာပါ။ မကွေးအသင်းကတော့ အတွဲမိနေတဲ့ လူငယ်ကစားသမားတွေကြောင့် အနိုင်ရခဲ့တယ်ဆိုရင်မမှားပါဘူး။ ဒီနေ့ပွဲမှာလည်း ရတနာပုံအသင်းကို ဒုတိယပိုင်းမှာ သွင်းယူခဲ့တဲ့ အနိုင်ဂိုးတွေနဲ့ပဲ လေးပွဲဆက် အနိုင်ရခဲ့တာဖြစ်ပါတယ်။

ရတနာပုံ

ရှုံးပွဲဆက်နေတဲ့ ရတနာပုံအသင်းဟာ ရလဒ်ဆိုးတွေထဲက ရုန်းထွက်နိုင်ဖို့ပွဲအစကတည်းက ကစားအားတင်ခဲ့ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ ရဲဇော်ထက်အောင်နဲ့ ထက်ကျော်သူဝင်းတို့ ခြေစွမ်းမပြနိုင်သလို မကွေးနောက်တန်းကလည်း အမှားနည်းခဲ့တာကြောင့် ရတနာပုံအလုပ်မဖြစ်ခဲ့ပါဘူး။ မကွေးအသင်းဟာ ပထမပိုင်းမှာ ရတနာပုံအသင်းဂိုးပေါက်ကို ထင်သလောက် မခြိမ်းခြောက်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ တောက်လျှောက်ဖိကစားနိုင်ခဲ့ပါတယ်။ မကွေးအသင်းဟာ နန္ဒလင်းကျော်ချစ်နဲ့ အောင်မျိုးသူတို့ရဲ့ တောင်ပံနှစ်ဖက်ကနေ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ရတနာပုံနောက်တန်း ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပါဘူး။



အကောင်းဆုံးဆုရ သီဟဇော်(မကွေး)။ (မြန်မာ့အလင်း)

ပထမဂိုး

မကွေးအသင်းအတွက် ပထမဂိုးကို မိနစ် ၅၀မှာ ညာထောင့်ကန်ဘောကတစ်ဆင့် သီဟဇော်က ခေါင်းတိုက်ပြီးသွင်းယူခဲ့တာဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာလည်း မကွေးအသင်းက ဆက်တိုက်ဖိကစားသွားပြီး မိနစ်၇၀တွင် ပယ်နယ်တီမှတစ်ဆင့် ဇော်မျိုးထွန်းက ဒုတိယဂိုးသွင်းယူခဲ့ပါတယ်။ အကောင်းဆုံးဆုကို မကွေးအသင်းမှ သီဟဇော်က ရရှိခဲ့ပါတယ်။ မကွေးအသင်းဟာ ငါးပွဲကစား (၁၃)မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ရတနာပုံအသင်းကတော့ ငါးပွဲစလုံး ရှုံးကာ အမှတ်ပေးဇယား အောက်ဆုံးရနေပါတယ်။

စလင်းကွင်း

ဒဲလ်တာယူနိုက်တက် - တစ်ဂိုး
ဥဿာယူနိုက်တက် - ဂိုးမရှိ

ပထမပွဲစဉ်မှာအနိုင်ရပြီး သုံးပွဲဆက်နိုင်ပွဲပျောက်နေတဲ့ ဒဲလ်တာယူနိုက်တက်အသင်းဟာ ခင်မင်းရဲ့ တစ်လုံးတည်းသောဂိုးနဲ့ နိုင်ပွဲပြန်ရခဲ့ပါတယ်။ ဥဿာယူနိုက်တက်အသင်းကတော့ အဆုံးသတ်အားနည်းခဲ့လို့ နိုင်ပွဲဆက်ဖို့အိပ်မက်တွေ ပျက်ပြယ်ခဲ့ရပါတယ်။ အကောင်းဆုံးဆုကို အနိုင်ဂိုးရှင် ခင်မင်းက ရရှိခဲ့ပါတယ်။

(ယနေ့ပွဲ)

စလင်းကွင်း

ကမ္ဘောဇ - ဇေယျာရွှေမြေ

ပဒုမ္မာကွင်း

ဆောက်သမ်းမြန်မာ-ရန်ကုန်ယူနိုက်တက်။

တိုက်ဂါးဝုဒ်နှင့် ဂေါက်သီးရိုက်တံ

မီယာမီ နိုဝင်ဘာ ၂၈

ဤကမ္ဘာလောကရှိ လူသားတို့သည် ဘဝတွင် တိုးတက်ကြီးပွားအောင် ကြိုးစားရုန်းကန်လှုပ်ရှားရင်း အောင်မြင်မှုအထွတ်အထိပ်ရရှိသွားသူများ ဒုနှင့်ဒေးရှိခဲ့ကြသကဲ့သို့ ကံမကောင်းအကြောင်းမလှစွာ ရှုံးနိမ့်ကျရှုံးသွားသူများမှာလည်း အနမတဂ္ဂပင် . . . .။ ထိုအထဲတွင် အောင်မြင်မှုသရဖူကို ထူးချွန်ပြောင်မြောက်စွာ လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ပြီး ကာလကြာရှည်စွာ ထိန်းသိမ်း ထားနိုင်သည့်တိုင် လောကဓံလှိုင်းတံပိုး၏ ရိုက်ပုတ်ထုထောင်းမှုဒဏ်ကို အလူးအလဲခံစားခဲ့ရသော ကမ္ဘာ့အကောင်းဆုံးဂေါက်သီးကစားသမား တိုက်ဂါးဝုဒ် ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုမှာ သည်းထိတ်ရင်ဖိုစရာ ကောင်းလှသကဲ့သို့ ကမ္ဘာတစ်ဝန်း ပဲ့တင်ထပ်ကြေား... ပုံမှန် ဟိုးလေးတကျော် ဖြစ်သွားခဲ့သည်။



ပြိုင်စံရှား

ဂေါက်သီးအားကစားလောကတွင် ပြိုင်စံရှားလောက်အောင် ထူးချွန်ထက်မြက်သည့် ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဝင်ဒါမီရီမြို့၌ ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်လုံး ဆောက်လုပ်နေထိုင်သည်။ ယခုနှစ် နိုဝင်ဘာ ၂၇ရက် နံနက်တွင်မူ ဝုဒ်သည် အပျော်စီးကားဖြင့် တစ်ကိုယ်တည်း အိမ်မှ ထွက်ခဲ့သည်။ ဝုဒ်သည် ၎င်း၏ခြံတွင်းလမ်းမှ ကားမောင်းထွက်ခဲ့ပြီး မိနစ်ပိုင်းအတွင်းမှာပင် အိမ်နှင့်မနီးမဝေး အော်လန်နိုအရပ်သို့ အရောက်၌ မမျှော်လင့်ဘဲ မီးသတ်ပိုက်ခေါင်းတစ်ခုကို ဝင်တိုက်မိရာမှ အရှိန်မထိန်းနိုင်တော့ဘဲ သစ်ပင်တစ်ပင်ကို ထပ်ဆင့်တိုက်မိခဲ့သည်။ အခင်းဖြစ်ပွားချိန်မှာ နံနက် ၂နာရီ ၂၅မိနစ်သာရှိသေးသည်။

မေတ္တာ၏စွမ်းအား

အိမ်နှင့်မနီးမဝေးတွင်ဖြစ်ပွားသော ဝုဒ်၏ မတော်တဆမှုဖြစ်ရာသို့ ၎င်း၏ဇနီး အီလင်နော်ဒီဂရင် ရောက်ရှိသွားချိန်တွင် ကားတံခါးများ သော့ခတ်ထားသဖြင့် သူမကားတွင်းသို့ ဝင်ရောက်ရန် မစွမ်းသာခဲ့ပေ။ ထို့ကြောင့် အီလင်သည် ဂေါက်တံကိုအသုံးပြုကာ ကားမှန်များကိုရိုက်ခွဲပြီး ကားရှေ့ခန်း၌ ညပ်မိနေသော ခင်ပွန်းသည် တိုက်ဂါးဝုဒ်အား ခက်ခက်ခဲခဲ ဆွဲထုတ်ခဲ့ရသည်။ အမျိုးသမီးတစ်ယောက်အနေဖြင့် ထိုကဲ့သို့ စွမ်းဆောင်နိုင်ခဲ့သည်မှာ ချစ်ခြင်းမေတ္တာ၏ စွမ်းအားကြောင့်ပင် . . . .။

ကုသ

ဖလော်ရီဒါ အဝေးပြေးကင်းလှည့်ရဲအဖွဲ့ ရောက်ရှိလာချိန်တွင် အီလင်သည် ခင်ပွန်းသည်ဝုဒ်အား ကားတွင်းမှ ဆွဲထုတ်ကာ မြေပြင်သို့ချပြီးနေချိန်ဖြစ်ပြီး ဝုဒ်မှာသတိရတစ်ချက် မရတစ်ချက်ဖြစ်နေလျက် ၎င်း၏နှုတ်ခမ်းနှစ်လွှာစလုံး ပေါက်ပြဲနေခဲ့သည်။ ၎င်း၏ပါးစပ်မှသွေးများ မိနစ်အနည်းငယ်မျှ ထွက်ကျနေခဲ့သည်။ ထို့ကြောင့် ဝုဒ်အား ဆေးရုံသို့ချက်ချင်း တင်ပို့ကုသခဲ့ရသည်။ အသက် ၃၃နှစ်အရွယ်ရှိ ဝုဒ်သည် ပြီးခဲ့သည့် ဂေါက်သီးရာသီက ရရှိခဲ့သည့် ပြင်းထန်သောဒူးဒဏ်ရာကို ပြန်လည်ကောင်းမွန်လာအောင် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ယခုနှစ်ဂေါက်သီးရာသီရောက်မှသာ ဆုကြေးစားဂေါက်သီးလောကသို့ ပြန်လည်ဝင်ရောက် ယှဉ်ပြိုင်ဆင်နွှဲနိုင်ကာ သူမတူအောင် လက်စွမ်းပြနိုင်ခဲ့သည်။

ထွန်းကား

ကံကောင်းထောက်မစွာ သေကံမရောက် သက်မပျောက်ခဲ့သော တိုက်ဂါးဝုဒ်သည် ဆေးရုံသို့ နိုဝင်ဘာ ၂၇ရက်က တက်ရောက်ကုသခဲ့ပြီး နိုဝင်ဘာ ၂၈ရက်တွင် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကာ ဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်သည်။ ၎င်းအနေဖြင့် ကမ္ဘာတစ်ဝန်းမှ ၎င်း၏ပရိသတ်များပေးပို့သော မေတ္တာကြောင့် အသက်ချမ်းသာရာရခဲ့ပြီး ယင်းသို့ ဆုမွန်ကောင်းပို့သခဲ့ကြမှုအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ပြောကြားခဲ့သည်။ ဝုဒ်သည် ယခုအခါ ဇနီးသည် အီလင်နှင့် သားသမီးနှစ်ဦး ထွန်းကားခဲ့ပြီးဖြစ်သည်။

ရင်ဆိုင်

ကမ္ဘာကျော် ဂေါက်သီးသမား တိုက်ဂါးဝုဒ်၏ ယာဉ်မတော်တဆမှုသည် အရက်သေစာသောက်စားမှုကြောင့်မဟုတ်ဟု ရဲအဖွဲ့က ပြောကြားခဲ့သော်လည်း အခင်းဖြစ်ပွားစဉ်က ဆိုင်းငံ့ထားသော စုံစမ်းစစ်ဆေးမှုများနှင့် စွဲချက်များကို ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသောဝုဒ်အဖို့ ဆက်လက် ရင်ဆိုင်နေရပြန်သည်။ ဂေါက်သီးရိုက်တံနှင့် အကျိုးပေးသော တိုက်ဂါးဝုဒ်၏ သည်းထိတ်ရင်ဖိုဖြစ်ရပ်ကို ရေးသားဖော်ပြ လိုက်ရပေသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် - ရေးသားသည်

မြန်မာ့အလင်း **ဖောင်ပိတ်အားကစားသတင်း**

မန်ယူအတွက် ရွန်နေ ဟက်ထရစ်ဂိုးသွင်းယူ မန်စီးတီးတို့ သရေပွဲကြုံမြဲကြုံဆဲ

လန်ဒန် နိုဝင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၄) ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၂၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးနည်းပြဟောင်း ပို့စ်မောက်နည်းပြသစ် ဂရန့်က အိမ်ကွင်း၌ မန်ယူနည်းပြကြီး ဖာဂူဆန်အား ကြိုဆိုခဲ့သည်။

ဆုံးဖြတ်ထား

ပို့စ်မောက်အသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် တာဝန်ယူထားပြီဖြစ်သည့်အလျောက် မန်ယူကို အိမ်ကွင်း၌ အနည်းဆုံး သရေကျအောင် ကစားမည်ဟု ပြင်ဆင်ထားခဲ့သည်။ သို့သော်လည်း နည်းပြကြီးဖာဂူဆန်က ပို့စ်မောက်လိုအသင်းကို မနိုင်လျှင် ချယ်လ်ဆီးနှင့် အမှတ်ကွာသွားနိုင်သဖြင့် အနိုင်ကစားရန် ဆုံးဖြတ်ထားပုံရသည်။ ထို့ကြောင့် ပြိုင်ပွဲမှာ ပွဲစသည်နှင့်အကြိတ်အနယ်ရှိသည်။

မန်ယူတိုက်စစ်မှူး ရွန်နေ၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။

မန်ယူတိုက်စစ်မှူးများက ဂိုးရအောင် တိုက်စစ်ဆင်ကစားခဲ့သဖြင့် ပို့စ်မောက်ခံစစ်မှူးများ မနည်းဖျက်ထုတ်ခဲ့ရသည်လည်းရှိသည်။ ပို့စ်မောက် နောက်တန်းကစားသမားများ ဂိုးမပေးရရေးအတွက် ကာကွယ်ကစားစဉ် ကြမ်းတမ်းမှုများဖြစ်ခဲ့၍ မန်ယူကို ပယ်နယ်တီများပေးခဲ့ရသည်။ ပွဲစပြီး ၂၅မိနစ်အကြာ ရွန်နေအား ပို့စ်မောက်ခံစစ်မှူးတစ်ဦးက ကြမ်းတမ်းစွာကစားမိခဲ့၍ ပယ်နယ်တီ ကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ရွန်နေကပင်သွင်းယူခဲ့သည်။

တစ်ဖန် ပွဲချိန် ၃၂မိနစ်တွင် ဗီဒစ်အဖျက်ကြမ်း၍ ပို့စ်မောက်အား ပယ်နယ်တီကန်ခွင့်ပေးရသည်။ ယင်းပယ်နယ်တီကို ဘိုတန်ကသွင်းယူခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ပွဲချိန် ၄၈မိနစ်တွင် ရွန်နေကမန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ သို့သော် မန်ယူတို့ ထပ်ဆင့်ဂိုးသွင်းယူနိုင်ရေးကြိုးစားစဉ် ပို့စ်မောက် ကစားသမား ဖရက်ဒစ်ပီကွန်းက ရိုင်ယန်ဂစ်အား ကြမ်းတမ်းစွာကစားခဲ့၍ မန်ယူတို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူးရွန်နေကသွင်းယူခဲ့၍ ရွန်နေ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲပြီးရန် ၁၅မိနစ်အလိုတွင် ရိုင်ယန်ဂစ်က မန်ယူအတွက် တစ်ဂိုးသွင်းယူလိုက်၍ မန်ယူတို့ ပို့စ်မောက်အား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီး

သရေပွဲ ဆက်တိုက်ကြုံနေသော မန်စီးတီးတို့ အိမ်ကွင်း၌ ဟူးလ်စီးတီးကို အနိုင်ကစားရန် ပြင်ဆင်ထားပုံရသည်။ ပွဲစသည်နှင့် အကြိတ်အနယ်ရှိ၍ ပွဲကောင်းတစ်ပွဲလည်းဖြစ်ခဲ့ရသည်။ သို့သော်လည်း မန်စီးတီးတို့ ဒုတိယပိုင်း ပွဲချိန် ၄၆မိနစ်ရောက်မှ ရိုက်ဖီးလစ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဟူးလ်စီးတီး၏ တန်ပြန်တိုက်စစ်မှာလည်း ကောင်းလှသည်။ ဟက်ဘယ်လင်က ဟူးလ်စီးတီးအတွက် ချေပဂိုးသွင်းယူရန်

မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟို(ဝဲ) ဟူးလ်စီးတီးဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။

ကြိုးစားစဉ် ကိုလိုတိုရေးအဖျက်ကြမ်း၍ ပယ်နယ်တီပေးလိုက်ရသည်။ ယင်းပယ်နယ်တီကို ဂျင်မီဘူးလ်လက်က အပိုင်ကန်သွင်းယူလိုက်၍ တစ်ဖက်တစ်ဂိုးစီဖြင့် မန်စီးတီးတို့ သရေပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရပြန်သည်။

အခြားပွဲများ

အခြားပွဲများအဖြစ် ဘလက်ဘန်းနှင့် စတုတ်စီးတီးတို့ ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဖူလ်ဟမ်က အိမ်ကွင်း၌ ဘော်လ်တန်ကို တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ပြီးခဲ့သောအပတ်က ဟူးလ်စီးတီးကို သရေကစားခဲ့သော ဝက်စ်ဟမ်းက အိမ်ကွင်း၌ ဘန်လေအား ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရလိုက်သည်။ ပြီးခဲ့သော သီတင်းပတ်က စပါး၏ ဂိုးအများဆုံး သွင်းယူခံခဲ့ရသော ဝီဂန်အသင်းသည် ဆန်းဒါးလန်း အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ။

ကိုးကား-အင်တာနက်

မြင့်မောင်စိုး - စုစည်းသည်

စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေး ရန်ကင်းမြို့နယ် ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ၂၅ရက် နံနက် ၁၁ နာရီက အမှတ်(၈)ရပ်ကွက်ရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် စာကြည့်တိုက်များတွင် စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်အသစ်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် ငွေပဒေသာပင် စိုက်ထူရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးအောင်က စာအုပ်စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်မည့် အခြေအနေကို ပြန်လည်ရှင်းလင်းတင်ပြသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ရက်က (၉+၁၀)ရပ်ကွက်မြွှာရုံး၌ ကျင်းပရာ အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာမကြီး ဒေါက်တာမင်းလဲ့ရည်က ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၁၀၀ကိုလည်းကောင်း၊ ပေါင်းစည်းနေအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်ကြီးကြပ်ရေးမှူး ဦးခင်မောင်ဝင်းက ငွေကျပ်၄၇၅၀၀တန်ဖိုးရှိ စာအုပ်စာစောင် ၁၂၅အုပ်ကို လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က လက်ခံယူ၍ (အပေါ်ပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်၌ စာပန်းဝေဝေစာကြည့်တိုက်တည်ဆောက်ရေးနှင့် လုပ်ငန်းများ စနစ်တကျမှတ်တမ်းပြုစုရေး ဆွေးနွေး

မိုင်းဖြတ် နိုဝင်ဘာ ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်သည် နိုဝင်ဘာ၂၀ရက် နံနက်၁၁နာရီခွဲက မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ခရိုင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တည်ဆောက်မှု

ယင်းသို့တွေ့ဆုံရာတွင် ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူးက လချုပ်အစီရင်ခံစာနှင့် ပြန်တမ်းများ ကိန်းဂဏန်းကွဲလွဲမှုမရှိစေရန်နှင့် အချိန်မီတင်ပြရေး၊ နိုင်ငံတော်ခွင့်ပြုငွေကျပ်၁၀သိန်းဖြင့် တည်ဆောက်မည့် ဆိုင်းလေကျေးရွာ စာပန်းဝေဝေစာကြည့်တိုက်ကို သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ရန်နှင့် တည်ဆောက်မှုလုပ်ငန်း အဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းပြုစုထားရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးတို့သည် ဆိုင်းလေကျေးရွာ စာပန်းဝေဝေ စာကြည့်တိုက်နှင့် စွပ်ပလောင်းကျေးရွာ စာပေပန်းခင်းစာကြည့်တိုက်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာဖတ်သူတိုးပွားရေးနှင့် စာအုပ်စာစောင်တိုးပွားရေး ဆွေးနွေးမှာကြားသည်။

အလားတူ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ဝမ်နောင်ကျေးရွာ သုတကန်သာစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(ခရိုင် ပြန်/ဆက်)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဧရာတ်ကောင်းမြို့ အထက ရွှေရတုအထိမ်းအမှတ် ကျောင်းဆောက်လုပ်ရန် အလှူငွေများပေးအပ်

ပုသိမ် နိုဝင်ဘာ ၂၈

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့အထက နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပမည့် အာစရိယ ပူဇော်ပွဲနှင့် ရွှေရတုတိုးချဲ့စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ပုသိမ်မြို့ ပန်းခြံလမ်းနေ ဦးရဲမြင့်(ငွေသောင်ယံ) မိသားစုက ငွေကျပ်သိန်း၇၀ ပေးအပ်လှူဒါန်းရာ ကျင်းပရေးအဖွဲ့နာယက ဦးစောရှိန်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)က လက်ခံယူသည်။ (အပေါ်ပုံ)

လှူဒါန်းနိုင်

အခမ်းအနားသို့ ကျောင်းသားဟောင်းများနှင့် အငြိမ်းစားဆရာကြီး ဆရာမကြီးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူရှင်များသည် ဦးရဲမြင့်(ငွေသောင်ယံ) ဖုန်း-၀၉-၅၂၀၂၀၉၄၊ ၀၉-၈၅၆၉၂၉၂၊ ဦးစန်းမောင်(ဌာနမှူး) မအူပင်တက္ကသိုလ် ဖုန်း-၀၄၅-၃၀၁၃၉၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၂၀၁၀၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၇)

မြစ်ကြီးနား ပန်စွန်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၂၈

*ဦးအင်ဖျဲန်တူးဂျာသည် ကစားဖော်များဖြစ်သည့် ဦးလဖျာတန်ဂွမ်း၊ ဦးယော်ဆိုင်း၊ ကိုဆိုင်းအောင်၊ ဦးသန့်ဇင်ဦးတို့နှင့်အတူ နိုဝင်ဘာ ၂၃ရက်က မြစ်ကြီးနား ပန်စွန်ဂေါက်ကလပ်၌ ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ်(၃)သို့ အရောက် **Srixon Soft Feel No.4** ဘောလုံးကို **Taylor Made 320 Iorn-7** တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက်ဝေးသည့်ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

စာကြည့်တိုက်ဆောက်လုပ်ရန် ဟားခါး၌ အလှူငွေပေးအပ်

ဖလမ်း နိုဝင်ဘာ ၂၈

ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် ရန်ပုံငွေလှူဒါန်းပွဲကို နိုဝင်ဘာ၂၄ရက် မွန်းတည့် ၁၂နာရီက ချွန်ကျုံးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ကျင်းပရာ ချင်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်နှင့် ဟားခါးမြို့နယ်ဥက္ကဋ္ဌ ဦးဆွေခန့်ထန်တို့က အမှာစကား ပြောကြားကြပြီး နိုင်ငံတော်မှ မတည်လှူဒါန်းငွေကိုပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်က မြို့နယ်ဥက္ကဋ္ဌ ဦးဆွေခန့်ထန်ထံ ပေးအပ်သည်။

ထို့နောက် ကျေးရွာဒေသခံပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် ၁၀သိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးရာလ်ကုန်းက လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များကလှူဒါန်းသောစာအုပ်စာစောင်များကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ကြရာကျေးရွာစာကြည့်တိုက်ကော်မတီမှ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့လှပရေး

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မပန်းခြံအတွင်း မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး မရမ်းကုန်းမြို့နယ်တွင် ဆွေးနွေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၈

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က အမှတ်(၈)ရပ်ကွက် ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ လုပ်ငန်းစဉ်(၅)ချက်နှင့်အညီ စာငှားကတ်စနစ်ကျင့်သုံးရေး၊ ကိုယ်ပိုင်မြေနှင့်အဆောက်အအုံရရှိရေးတို့ကို ဆွေးနွေးပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်က စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကို ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၁၃၇)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော ကျုံဒိုးကျေးရွာဈေးရှေ့ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို နိုဝင်ဘာ ၂၂ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးကျော်မြင့် Director(KAH HOCK PTE., LTD., S'PORE) -
ဒေါ်တင်တင်ဦး(ကောင်းသန့်ပွဲရုံ) တို့၏သားကြီး

မောင်ကျော်စွာဟိန်း

Business IT(Sunway University College, Malaysia)
Accounting (Northern Sydney Institute, TAFE, Australia)

နှင့်

မြစ်ကြီးနားမြို့နေ
ဗိုလ်မှူးချုပ်ဦးကျော်-ဒေါ်ခင်စန်းကြည်တို့၏ တစ်ဦးတည်းသောသမီး

မနှင်းဝေတင့်
B.Sc(Maths)

တို့သည် ၂၇-၁၁-၂၀၀၉ရက်တွင် Chatrium Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး လက်ထပ်ထိမ်းမြား ပြီးစီးပါကြောင်း

နှင့်

ထိမ်းမြားလက်ထပ် လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်နှင့် ဧည့်သည်တော်များ၊ ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဦးထွန်းထွန်းဦး(ရှုဝံရတနာရွှေဆိုင်)တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပွဲ အခမ်းအနားတွင် စီစဉ်ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဦးမြင့်အောင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် အရာရှိစစ်သည်များ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာဟိန်း-မနှင်းဝေတင့်။

သံတွဲ၌ ကျေးလက်လမ်း ကျောက်ချောခင်း

သံတွဲ နိုဝင်ဘာ ၂၈

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မဇင်လေယာဉ်ကွင်းမှ ကျေးရွာသွား ကျေးလက် ကျောက်ချောလမ်း (၂၆၄၀×၁၂)ပေခင်းခြင်း လုပ်ငန်းကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်တို့ နိုဝင်ဘာ ၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၁၃၇၁ခုနှစ် နတ်တော်လဆန်း ၁၁ရက် (၂၇-၁၁-၂၀၀၉ရက်) သောကြာနေ့တွင် Hotel Yangon (Malikha Hall) ၌ပြုလုပ်သည့် မင်္ဂလာလက်မှတ်ရေးထိုးပွဲနှင့် ၂၈-၁၁-၂၀၀၉ရက်(စနေနေ့)တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစိုးမင်းမောင်-မသဥ္ဇာဝင်းခင်။

ကျေးဇူးဆပ်ပါမည်
(စာအုပ်အနီလေး)

၂၇-၁၁-၂၀၀၉ရက် ညနေ ၃နာရီခန့်တွင် ရွှေဂုံတိုင်မီးပွိုင့် အနီး၌ ခင်ခင်ရီ အမည်ဖြင့် Pass Port ကျပျောက်ခဲ့ပါသည်။ ကောက်ရ၍ ပြန်ပို့ပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၀၂၂၅၉၊
၀၉-၅၁-၀၉၃၄၇၊
၀၉-၅၀-၄၉၀၂၂။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဟန်ထွန်းမောင်၏ နိုင်ငံကူးလက်မှတ် ဖ၈၅၃၄ နှင့် ကျွန်တော် မောင်အေးထွန်း၏ နိုင်ငံကူး လက်မှတ် ဇ၈၃၇၄၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁-၄၃၁၄၂၊
၅၄၈၄၈၂၊ ၅၅၁၅၂၀။

မင်္ဂလာဦးဆုမွန်လွှာ

ဗိုလ်ကြီးစိုးမင်းမောင် နှင့် **မသဥ္ဇာဝင်းခင်**တို့၏မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်စွာလက်တွဲနိုင်ပြီး တိုးတက်သာယာချမ်းမြေ့သောဘဝကို အမြဲတမ်းပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ကိုကြီး - ကိုကျော်ရှိန်း
ကိုလေး - ကိုမျိုးဇော်ဝင်း-မအိမွန်ချို
ညီလေး - ကိုစိုးဝင်းမောင်-မကြည်ကြည်ခိုင်
ညီမလေး - မပပဝင်းခင်။

ဆရာ့အတွက် မွေးနေ့ဆုမွန်လွှာ

အစဉ်လေးစားချစ်ခင်ရသော ဆရာဦးမင်းသုခ

(ဌာနမှူး၊ ဂျပန်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်)၏ 29 Nov တွင် ကျရောက်သောမွေးနေ့ မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ပျော်ရွှင်စရာ မိသားစုနှင့် ဆရာ၏ မွေးနေ့များစွာကို အောင်မြင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

B.A(98 Batch) မှ...
ငြိမ်းချမ်းအောင်၊ မျိုးသန်း၊ ရန်လင်းနိုင်၊
ပြည့်ဖြိုးမောင်၊ လှိုင်ဘွား၊ ဝင့်ဝင့်ငြိမ်း၊
နန်းခမ်းဝါ၊ ရတနာလွင်။

မင်္ဂလာဦးဆုမွန်လွှာ

ဗိုလ်ကြီးစိုးမင်းမောင်(ခ)ကိုသားကြီး နှင့် **မသဥ္ဇာဝင်းခင်(ခ)မမကြီး** တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ပျော်ရွှင်မှုများပြည့်စုံပြီး သာယာချမ်းမြေ့အောင်မြင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ကြပါစေ-

ညီမလေး - မီးငယ်။

ရွှေပြည်သစ်စာကြည့်တိုက် မော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ရွှေပြည်သစ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်တို့ စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ အဆိုပါစာကြည့်တိုက်အတွက် ခရိုင်ဥက္ကဋ္ဌနှင့် ဇနီးတို့က သုတ၊ရသစာအုပ်များနှင့် ငွေကျပ် ငါးသောင်း၊ အကောင်းဆုံးမွေးမြူရေး လီမိတက်မှ ၂၁လက်မ တီဗွီတစ်လုံး၊ ဗွီစီဒီနှင့် ငွေကျပ် ၅၄၆၇၅၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်များ၊ အခြားအလှူရှင်တစ်ဦးက ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်၏ မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူတို့၏ လှူဒါန်းငွေတို့ဖြင့် စုစုပေါင်းငွေကျပ် ၁၈သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)သို့ အားကစားအထောက်အကူပြု ပစ္စည်းများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၈

Korea Oversea International Cooperation Agency မှ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သို့ အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၇ရက် နံနက် ၉နာရီက ကျိုက္ကဆံကွင်းရှိ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ အားကစားအထောက်အကူပြု ပစ္စည်းများကို ကိုရီးယားသံရုံးမှ သံမှူး Mr. Lee Jong Kuon, Mr.Lee Seong Min နှင့် Korea Oversea International Cooperation Agency မှ Mr.Lee Ki Woong တို့က ပေးအပ်လှူဒါန်းကြသည်။

(အား/ကာဦးစီး)

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်လျက်ရှိသည့် ဥတို - သနပ်ချောင်းကျေးရွာချင်းဆက် ဂဝံလမ်း အချောသတ်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး သူရဦးမြင့်သူနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေငန်ပုစွန် တိုးတက်မွေးမြူထုတ်လုပ်ရေး သံဖြူဇရပ်မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် နိုဝင်ဘာ ၂၃

မွေးမြူရေးပုစွန်များ ထုတ်လုပ်မှု တိုးတက်ရေးနှင့် မွေးမြူမှုလုပ်ငန်း စနစ်တကျရှိစေရေးအတွက် မွန်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်း ဦးစီးမှူး ဦးလှမင်းဇော်တို့ ပါဝင်သောအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာရှိ ပြည့်ဖြိုးကျော်ကုမ္ပဏီ ရေငန်ပုစွန် မွေးမြူရေးကန်သို့ နိုဝင်ဘာ ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ ကုမ္ပဏီ မန်နေဂျာ ဦးဇော်မိုးဟိန်းက ပုစွန်ထည့်သွင်းမွေးမြူမှုနှင့် ပုစွန်ဖော်ထုတ်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည့်ဖြိုးကျော် ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်အတွင်း ပုစွန်ဖြူမွေးကန် နှစ်ကန်၌ ကောင်ရေ ၁၄၅၅၄၃၂နှင့် ပုစွန်ကျားကန် နှစ်ကန်၌ ကောင်ရေ ၃၄၄၀၀ကို မွေးမြူထားခဲ့ပြီး အောက်တိုဘာ ၂၆ရက်အထိ ပုစွန်တန်ချိန် ခုနစ်တန် ဖမ်းဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အနုပညာရှင်များအသင်းနှင့် ရေဦး ဌာနဆိုင်ရာအသင်းတို့ ချစ်ကြည်ရေး ဘောလုံးယှဉ်ပြိုင်

ရေဦး နိုဝင်ဘာ ၂၃

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရေဦးမြို့မ အားကစားကွင်းတွင် နိုဝင်ဘာ ၂၀ရက် ညနေ၄နာရီက မသန်စွမ်းသူများ၏ လူမှုရေးအလှူငွေအတွက် ရန်ကုန်မြို့မှ ရေဦးမြို့သို့ရောက်ရှိ ကပြဖျော်ဖြေလျက်ရှိသော ဒါရိုက်တာရဲထွန်းလင်း ဦးဆောင်သော ရုပ်ရှင်၊ဗီဒီယိုသရုပ်ဆောင် အနုပညာရှင်များ ဘောလုံးအသင်းနှင့် ရေဦးမြို့နယ်ဌာနဆိုင်ရာများဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားကြောင်းနှင့် ဘောလုံးပွဲမစမီ ဘောလုံးပွဲကြည့်ရှုအားပေးသူများအား ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များက ကပြသီဆိုဖျော်ဖြေကြသည်။ *(၀၁၄)*

တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲမြိတ်၌ဖွင့်

မြိတ် နိုဝင်ဘာ ၂၃

၂၀၀၉ ခုနှစ် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ရက် ည၇နာရီက မြိတ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရဲနိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ ထို့နောက် ပြိုင်ပွဲစတင်ကျင်းပရာ မြိတ်မြို့နယ်အသင်းနှင့် ထားဝယ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို တက်ရောက်လာကြသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။ **(တိုင်း ပြန်/ဆက်)**

ကတ္တရာခင်း

တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေတောင်ဦးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စက်မှုလက်မှု အထက(၁) ကျောင်းသားဟောင်းများ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်း နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက (၁) ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင်(Royal Garden Restaurant) ဗိုလ်ချုပ်ပန်းခြံကန်တော်ကြီးဗဟန်း [ယခင်စက်မှုလက်မှု အထက(၁)ကျောင်းရှေ့] ၌ ကျင်းပမည်ဖြစ်သည်။ ရွှေရတုအချိန်ကျော်ပြီး ကျောင်းတော်ကြီးတွင် ခေတ်အဆက်ဆက်ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပြီး မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဦးလှထွန်း ဖုန်း-၀၉-၈၀၂၂၉၅၆၊ ဦးသိန်းဝေ ဖုန်း-၀၁-၅၁၂၉၁၈၊ ဦးဝင်းတင် ဖုန်း-၀၁-၅၆၃၆၉၈၊ ဦးအုန်းမြင့် ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးဘသိန်း ဖုန်း- ၀၁-၃၉၁၇၄၀၊ ဦးနေလင်း ဖုန်း- ၀၉-၅၀၂၇၄၄၉၊ ဦးသန်းဆွေ ဖုန်း- ၀၉-၅၀၁၂၇၂၈၊ ဦးစိုးဝင်း ဖုန်း- ၀၉-၅၀၇၅၈၀၇၊ ဦးသန်းထွန်း ဖုန်း- ၀၁-၅၆၆၄၀၂၊ ဦးထွန်းထွန်းလွင် ဖုန်း- ၀၉-၂၀၀၅၉၉၄၊ ဦးသန်းဝင်း ဖုန်း- ၀၁-၅၆၆၂၅၂၊ ဦးအောင်သာကျော် ဖုန်း- ၀၅၃-၂၆၁၈၉နှင့် ဦးအေးကြူ ဖုန်း- ၀၁-၆၄၁၉၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(ပညာရေး)***

နတ်တလင်း အထက၌ ပညာရည်ချွန်ဆုချီးမြှင့်

နတ်တလင်း နိုဝင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် နတ်တလင်း အထက၌ နိုဝင်ဘာ ၁ရက် နံနက်၉နာရီက နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန် ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နတ်တလင်းမြို့နယ်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်အောင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်ဦးတို့က ပညာရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုပူဇော်

ဆက်လက်၍ ဆရာမကြီး ဒေါ်ဝင်းကြည်(ရန်ကုန်)က ပညာရည်ချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်ပြီး**(အပေါ်ယာပုံ)** နတ်တလင်း အထက၏(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရာ နတ်တလင်း အထကတွင် ပညာသင်ကြားပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၉၄ဦးနှင့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုပွဲတွင် နိုင်ငံတော်က ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရသည့် အငြိမ်းစား တိုင်းပညာရေးမှူး ဦးအေး(နတ်တလင်း)တို့အား ဂုဏ်ပြုပူဇော်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အခမ်းအနား ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၅

တောင်ကြီးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၁၃၇၁ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၂၂ရက် နံနက် ၁၀နာရီကကိုယ်ပွား သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာနှင့်ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်- အင်းလေး)နှင့် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကိုယ်ပွားသတင်းစာတိုက်တောင်ကြီးမှ တာဝန်ခံအရာရှိ ဦးနိုင်ထွန်း (မောင်ကိုယ်ပွား-တောင်ကြီး)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပေးပို့သော သဝဏ်လွှာကို အမှုဆောင်ဒေါ်မြင့်မြင့်သန်း(မမြခက်)က ဖတ်ကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် သက်ကြီးစာပေပညာရှင် ခြောက်ဦးအား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

(တောင်ကြီး/ကိုယ်ပွား)

မြို့နယ် သတင်းများ

ညောင်တုန်းမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများစုပေါင်း၍ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၅၂)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ခန္တီး၌ဆောင်ရွက်

ခန္တီး နိုဝင်ဘာ ၁၅

ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ရက် နံနက် ၁၀နာရီက ကျင်းပရာ ရှေးဦးစွာခရိုင်ဥက္ကဋ္ဌဦးလှထွန်းက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနှင့် စစ်ကိုင်းတိုင်း အောင်ချက်မြင့်မားရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းမှာကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်းက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်သောလုပ်ငန်းများနှင့် ရှေ့တွင်ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ချောခင်း

သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သည့် စန္ဒြားတောင်စေတီသွားလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတို့ကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုတောင်ကလေး၌ ကျေးလက်ဆေးပေးခန်းဖွင့်

ကျိုက်ထို နိုဝင်ဘာ ၂၃

ကျိုက်ထိုမြို့နယ် ကွင်းကလေးကျေးရွာအုပ်စု တောင်ကလေးကျေးရွာ၌ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲကို နိုဝင်ဘာ၁၈ရက် နံနက် ၁၀နာရီက အဆိုပါ ကျေးလက်ဆေးပေးခန်းရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဖုန်းနိုင်၊ ဝေးလံမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်တာဝန်ခံ ဦးဇော်ထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါကျေးလက်ဆေးပေးခန်းသည် အလျား ၂၃ ပေ× အနံ ၂၃ ပေ×အမြင့် ၁၁ ပေရှိ သွပ်မိုး၊ ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ကျေးရွာမှထည့်ဝင်ငွေကျပ် ၇၆၀၀၀၀နှင့် စီမံကိန်းပံ့ပိုးငွေကျပ် ၃၀၇၇၅၀၀ စုစုပေါင်းငွေကျပ်၃၈သိန်းကျော်ဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ဖြင့် သာယာဝတီမြို့နယ် အရန်မီးသတ်တပ်ဖွဲ့၏ အခြေခံလေ့ကျင့်ရေးသင်တန်း(၃/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက်က ခရိုင်အား/ကာမိုးလုံလေလုံခန်းမ၌ကျင်းပရာ သင်တန်းသားစံပြဆု၊ စစ်ရေးပြ ပထမ၊ ဒုတိယ၊ တတိယနှင့် လက်နက်ငယ်ထူးချွန်ဆုရရှိသူများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်က ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

တက်နေလင်းစာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် စာဖတ်စွမ်းရည်နှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

တံတားဦး နိုဝင်ဘာ ၂၃

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် တောင်တလုံးကျေးရွာ တက်နေလင်းစာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် ဒုတိယအကြိမ် စာဖတ်စွမ်းရည်ဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် ညနေ ၅နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စာရေးဆရာဦးမြင့်ဆွေ(ဆွေနွယ်ဦး)က စာအုပ်စာစောင်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် စာဖတ်စွမ်းရည်ဆု၊ ပညာရည်ချွန်ဆုပေးအပ်ပွဲကို ကျင်းပရာ စာဖတ်စွမ်းရည် ပထမဆုကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ရေဒီယိုတစ်လုံးနှင့် ဥက္ကဋ္ဌ ဦးမြင့်ဆွေ(ဆွေနွယ်ဦး)က ကင်မရာတစ်လုံးကိုလည်းကောင်း၊ စာဖတ်စွမ်းရည် ဒုတိယဆုကို တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က ရေဒီယိုတစ်လုံးကိုလည်းကောင်း၊ စာဖတ်စွမ်းရည်တတိယဆုကို တံတားဦး မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်သူက ရေဒီယိုတစ်လုံးကိုလည်းကောင်း ချီးမြှင့်ကြသည်။

ယင်းနောက် ပညာရည်ချွန်ဆုအလှူရှင် မန္တလေးမြို့ ဦးသန်းညွန့်-ဒေါ်မမနိုင် (မမနိုင်-မန္တလေးရုပ်သေး)က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော ကျောင်းသားကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှင့် ကျောင်းသား ကျောင်းသူနှစ်ဦးအတွက် ငွေကျပ် တစ်သိန်းကို ဆုချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သဲကုန်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများ ဆုချီးမြှင့်

သဲကုန်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့ အထက၏ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း သာဓုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်တိုင်းပညာရေးမှူး (စစ်ဆေး) ဦးသိန်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်အောင်ချက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လက်ထောက်တိုင်းပညာရေးမှူး(ငြိမ်း) ဦးသိန်းဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးရဲမြင့်တို့က အမှာစကား ပြောကြားကြသည်။

ချီးမြှင့်

ထို့နောက် သဲကုန်းမြို့နယ်အတွင်းမှ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်း အမြင့်ဆုံးကျောင်းများအား လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေး) ဦးသိန်းမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော် **(ယာပုံ)**တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက် ညီညွတ်ရေး မင်းတပ်မြို့တွင် ဆွေးနွေးဟောပြော

မင်းတပ် နိုဝင်ဘာ ၂၂

မင်းတပ်ခရိုင် မင်းတပ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ပေါ်လာစေရေး၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်မျိုးစုံ ဝယ်ယူရေး၊ စာအုပ်စာစောင်များ အလှူခံရရှိရေး၊ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံရရှိရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်းလောတမ်သည် နိုဝင်ဘာ ၁၇ရက်က ကြာလေလှိုင်းကျေးရွာ လင်းအာရုံစာကြည့်တိုက်သို့သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌ ဦးထန်းဟုန်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး ဟောပြောသည်။ ***(ခရိုင် ပြန်/ဆက်)***

ငွေချည်(၆)ဝါ စိုက်ပျိုးထုတ်လုပ်မှု ညောင်ရွှေ၌ ဆွေးနွေး

ညောင်ရွှေ နိုဝင်ဘာ ၂၅

ညောင်ရွှေမြို့နယ် တိလောစိုက်ပျိုးရေးဇုန် ရှင်းလင်းဆောင်၌ နိုဝင်ဘာ၁၁ရက် နံနက် ၉နာရီခွဲက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါလုပ်ငန်းနှင့် ပိုးချည်လုပ်ငန်းဌာန တာဝန်ခံ ဦးလှမြင့်က ငွေချည်(၆) ဝါစိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို ဆွေးနွေးရာ တက်ရောက်လာသူ တောင်သူဦးကြီးများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိုင်ပြင်ဈေးကြီးအတွင်း ဈေးဆိုင်များ၌ အိုင်အိုဒင်းဆားများ ရောင်းချခြင်းရှိမရှိကို အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းစစ်ဆေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကွမ်းလုံမြို့နယ်၌ ကျင်းပ

ကွမ်းလုံ နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၏ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ရက်က ကောင်းကဲကျေးရွာအုပ်စု ကွင်းအမှတ်(၁၂) တောင်သူဦးလီလောက်ပေါင်၏ အထူးအထွက်တိုးစပ်မျိုးစပါး မိုးစပါးစိုက်ခင်း၌ကျင်းပသည်။ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သက်နှင့်အဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်မြင့်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စိုက်ညှိအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်၍ စံကွက်ရိတ်သိမ်းရာ ၂၀၃ဒသမ၆၂တင်းနှုန်းထွက်ရှိသည်။ (ခရိုင် ပြန်/ဆက်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်း လမ်းသားမြှင့်တင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုအဘိုးအဘွားများအား ပုလဲမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်၊ ပစ္စည်းများ လှူဒါန်း

ပုလဲ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သက်ကြီးရွယ်အိုဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက ကန့်ဒေါင့်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုရွှမ်နှင့် အမှုဆောင်များက သက်ကြီးရွယ်အိုဘိုးဘွား ၂၂ဦးအား အားဆေး၊ မျက်နှာသုတ်ပဝါနှင့် ခေါက်ဆွဲခြောက်ထုပ်များဖြင့် ဂါရဝပြု လှူဒါန်းကန်တော့ကြသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအိအိကိုနှင့် ဒေါက်တာဝင်းဝင်းအေးတို့က သက်ကြီးရွယ်အိုဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဟောပြောကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အူကင်ဆာမဖြစ်ရန် မျိုးဗီဇက တားဆီးပေးနိုင်ဟုဆို

လူ့ကိုယ်ခန္ဓာတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများမှ တားဆီးကာကွယ်ပေးသည်ဟု ယူဆရသည့် မျိုးဗီဇတစ်ခုက တစ်ဦးချင်းကို အူကင်ဆာမဖြစ်အောင် တားမြစ်ပေးနိုင်ကြောင်း အမေရိကန်သုတေသီများက လေ့လာတွေ့ရှိသည်။

လေ့လာတွေ့ရှိ

ပတ်ဝန်းကျင်တွင် ဆေးလိပ်ငွေ့ကဲ့သို့သော ဓာတုဗေဒပစ္စည်းများနှင့် ထိတွေ့ပြီးနောက် အရေပြားကင်ဆာနှင့် အဆုတ်ကင်ဆာများဖြစ်မည့် အန္တရာယ်ကို မျိုးဗီဇတစ်ခုက လျော့ပါးစေနိုင်ကြောင်း ယခင်က လေ့လာတွေ့ရှိခဲ့ပြီးဖြစ်သည်။

စမ်းသပ်သုတေသနပြုရာတွင် မျိုးဗီဇကို ဖယ်လိုက်ခြင်းအားဖြင့် အူအတွင်းရောင်ရမ်းမှုများ ပိုများလာသည်ကို တွေ့ရသည်ဟု ဆိုသည်။

အထောက်အကူပြု

အူကင်ဆာ မဖြစ်အောင် မျိုးဗီဇတစ်ခုက တားမြစ်နိုင်ကြောင်း တွေ့ရှိခြင်းဖြင့် အူကင်ဆာရောဂါအန္တရာယ် လျော့ပါးရေးတွင် နည်းလမ်းသစ်များ ဖော်ဆောင်ပေးရေးအတွက် အထောက်အကူပြုမည်ဟု သုတေသီသိပ္ပံပညာရှင်များက ရှုမြင်ကြသည်။ ။

မြန်မာ့အလင်း သတင်းအညွှန်း

"ပင်လယ်မြို့ဟောင်း တူးဖော်မှု လုပ်ငန်းမှ ရှေးဟောင်း အဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများတွေ့ရှိ"သတင်းကို စာမျက်နှာ (၃)တွင် ဖတ်ရှုနိုင်ပါသည်။

ပုလဲမြို့က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ မြို့ရွာနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရန် စသော ရည်ရွယ်ချက်များဖြင့် တပ်မတော်အစိုးရသည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားလျက်ရှိသော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ●

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း
(မြန်မာ့အလင်း)

အဆင့်မြင့် စက်ချုပ်သင်တန်း တက်ရောက်သင်ကြားနေသည့် တိုင်းရင်းသူ အမျိုးသမီးများ။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)